# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၁၉) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

## (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၆၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၂-၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက် နိုင်သူများကိုယ်စား လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးအောင်ဆန်းမှ စုစည်းခွင့်တိုင် ကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယနေ့တက်ရောက်သည့်ကိုယ်စားလှယ် ၃၆၉ ဦး၊ ခွင့်တိုင်ကြားသူ ၅၇ ဦးဖြစ်ပါတယ်။ ခွင့်တိုင်ကြားသူ ၅၇ ဦးအနက် ၃၅ ဦးမှာ ယခင်က ခွင့်တိုင်ထားပြီးဖြစ်ပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၂၂ ဦးရဲ့အမည်ကို ဖတ်ကြားတင်ပြပါမယ်ခင်ဗျား-

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၂) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၃) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ခွင့် ၁ ရက်၊

(၄) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၁ ရက်၊

(၅) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၆) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၇) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၈) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၉) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တယ်ဝင်(ခ)ဦးကျန်တဲဝမ် ခွင့် ၁ ရက်၊

(၁၀) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၁) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၁၂) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၁ ရက်၊

(၁၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၁၄) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၁ ရက်၊

(၁၅) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၁၆) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၁၇) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၈) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၁ ရက်၊

(၁၉) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၂၀) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူခွင့် ၁ ရက်၊

(၂၁) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၂၂) အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့် ခွင့် ၁ ရက် အားလုံးပေါင်းကိုယ်စားလှယ် ၂၂ ဦးရဲ့ ခွင့်တိုင်ကြားချက်ကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၂ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တရားရုံးများတွင် DNA စစ်ဆေးပြီး သက်သေအထောက်အထားယူခြင်းကို ခွင့်ပြုထားခြင်းရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ အစည်းအဝေးခန်းမ အတွင်းသို့ လေ့လာရေးရောက်ရှိလာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်း

ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုမ္မလင်းမြို့နယ်အတွင်းမှာ ကျေးရွာတစ်ရွာမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်လေးတစ်ခုကနေပြီးတော့ ဒီမေးခွန်းကို ကျွန်တော် မေးခွင့်ရရှိလာတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကိုယ်ပိုင်မေးခွန်းတော့မဟုတ်ပါဘူး။ ကျေးရွာတစ်ရွာမှာ တက္ကသိုလ်ဝင်ကျောင်းသူလေးတစ်ဦးဟာ ကိုယ်လေးလက်ဝန်ရှိလာတဲ့အခါကျတော့ သူနဲ့ပတ်သက်တဲ့ အမျိုးသားတစ်ဦးကို ဖော်ထုတ်စွပ်စွဲခဲ့ပါတယ်။ စွပ်စွဲတဲ့ သူက ရဟန်းတစ်ပါးဖြစ်နေပြီးတော့ ခန်းနေဦးဇင်းတစ်ပါးပဲ ဖြစ်ပါတယ်။ သို့သော်လည်းပဲ လူဝတ်လဲပြီး လက်ထပ်ဖို့ ညှိနှိုင်းပေမယ့်လို့ တရားခံဘက်မှ ငြင်းဆိုခဲ့တဲ့အတွက် ဒီမိန်းကလေးရှင်ဘက်က တရားရုံးမှာ တရားစွဲဆိုခဲ့ပါတယ်။ အမှုစစ်ဆေးစဉ်ကာလမှာ ဒီတရားခံက ဒီအမှုမှာ သူကငြင်းဆိုပြီးတော့ သက်သေအထောက်အထားအနေနဲ့ DNA စစ်ဆေးပေးဖို့ဆိုပြီးတော့ တရားသူကြီးကို တောင်းခံလိုက်ပါတယ်။ သို့သော်လည်းပဲ တရားသူကြီးအနေနဲ့ တိုင်းတရားသူကြီးရဲ့ အကူအညီကိုရယူပြီးတော့ ဒီအမှုကို ကနေ့ မြန်မာနိုင်ငံတရားစီရင်ရေးမှာ တရားရုံးသက်သေအထောက်အထားအဖြစ် တရားရုံးများမှာ ခွင့်ပြုချက်မရှိသေးဘူး။ စက်ကိရိယာပစ္စည်းလည်းမရှိသေးဘူး။ ကျွမ်းကျင်သူလည်း မရှိသေးဘူး။ ကာယကံရှင်မိန်းကလေးကလည်း ကန့်ကွက်တာဖြစ်တဲ့အတွက် ဒီ DNA စစ်ဆေးမှုတောင်းဆိုချက်ကို တရားသူကြီးက ပယ်ချခဲ့ပါတယ်။ အဲ့ဒီလိုပယ်ချလိုက်ပြီးတဲ့ ရက်မကြာခင်မှာပဲ ကျွန်တော့်ဆီ အဲ့ဒီကျေးရွာက သူနဲ့ပတ်သက်တဲ့ ရွာသူရွာသားတွေ ၁၀ ဦးလောက် ကျွန်တော့်ဆီရောက်လာပါတယ်။ ဒါဟုတ်သလားတဲ့။ ဒီလိုပယ်ချတာဟာ တကယ်ပဲမရှိဘူးလားဆိုတော့ ကျွန်တော်လည်း မသိပါဘူး။ မသိတော့ ကျွန်တော် လွှတ်တော်မှာ မေးပေးပါမယ်ဆိုပြီးတော့ ကတိပြုခဲ့ပါတယ်။ ပဉ္စမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ တက်ရောက်ဖို့ တရားရုံးက တရားသူကြီးရဲ့ ငြင်းပယ်ချက်မိတ္တူကို ကျွန်တော့်ကို ပေးပါတယ်။ သို့သော်လည်းပဲ ပဉ္စမအကြိမ်ကာလဟာ ဒီအမှုကပြီးဆုံးခြင်းမရှိသေးဘူး။ တရားသူကြီးက အမိန့်ချမှတ်ခြင်းမရှိသေးတာအတွက် မေးမြန်းခြင်းမပြုခဲ့ပါဘူး။ အဲ့ဒါနဲ့ ဆဋ္ဌမအကြိမ်မှာ ရောက်တော့ ကျွန်တော်လည်း မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ လွှတ်တော်ရောက်ပြီး ၁၀ ရက်လောက်အကြာကျတော့ ကျွန်တော်နဲ့ရင်းနှီးတဲ့ ရဟန်းတစ်ပါးကနေပြီးတော့ တယ်လီဖုန်းနှင့်ဆက်ပြီး အကြောင်းကြားပါတယ်။ အဲ့ဒီတရားခံအဖြစ် အကျဉ်းထောင်မှာရောက်နေတဲ့ တရားခံက သူ့အတွက်ကတော့ ပြီးပါပြီတဲ့။ နောင်ဒီလိုအမှုအခင်းတွေ ဖြစ်ပေါ်ခဲ့ရင် တရားရုံးအနေနဲ့ တိကျတဲ့အဖြေ၊ မြန်ဆန်တဲ့စစ်ဆေးမှုဖြစ်နိုင်အောင် ဒါကို အဲ့ဒီတရားခံက တောင်းဆိုတဲ့အတွက်ကြောင့် ကျွန်တော်နဲ့ရင်းနှီးတဲ့ရဟန်းတစ်ပါးက ဆက်ပြီးအကြောင်းကြားတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရ

ခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်မေးမြန်းလိုတာကတော့ လက်ရှိ ဒီကနေ့ တရားသူကြီး ငြင်းပယ် လိုက်တဲ့ ဒီနေ့ မြန်မာနိုင်ငံတရားရုံးတွေမှာ DNA စစ်ဆေးပြီးတော့ အထောက်အထားရယူမှုမရှိဘူး ဆိုတာ ဟုတ်ပါသလား။ ဒုတိယအချက်အနေနဲ့ကတော့ တကယ်လို့မရှိခဲ့သေးရင် နိုင်ငံတကာမှာ တွင်တွင်ကျယ်ကျယ်ကျင့်သုံးနေတဲ့ DNA စစ်ဆေးပြီး အမှုအခင်းတွေမှာ သက်သေအထောက်အထား ရယူတဲ့ လုပ်ငန်းများကို မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တရားရုံးများက မည်သို့မည်ပုံဆက်လက် ဆောင်ရွက်ပါမည်လဲ။ အစီအစဉ်ဆက်လက်ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလားဆိုတာကို မေးမြန်း အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားပါမယ်။ DNA နှင့်ပတ်သက်ပြီး ကျွမ်းကျင်သူရဲ့ ထင်မြင်ချက် (Expert Opinion) ကို အင်္ဂလန်နိုင်ငံ တရားရုံးများက ၁၉၈၆ ခုနှစ်ကစပြီးလည်းကောင်း၊ အမေရိကန်နိုင်ငံတရားရုံးများ က ၁၉၈၇ ခုနှစ်မှစပြီး လည်းကောင်း သက်သေခံအဖြစ် လက်ခံခွင့်ပြုခဲ့ကြတယ်လို့ သိရှိရပါတယ်။ မြန်မာနိုင်ငံတရားရုံးများဟာ ကျွမ်းကျင်သူများရဲ့ထင်မြင်ချက် ဥပမာ ဓာတုဗေဒဝန်ရဲ့ စစ်ဆေး တွေ့ရှိချက် အစီရင်ခံစာ (Chemical Examiner's Report) သေဆုံးသူ၊ ဒဏ်ရာရရှိသူနှင့် မုဒိမ်းပြု ကျင့်ခံရသူများနှင့်စပ်လျဉ်းတဲ့ စစ်ဆေးတွေ့ရှိချက်၊ အသက်နှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်တို့နှင့် သက်ဆိုင်တဲ့ စစ်ဆေးသူဆရာဝန်ရဲ့ ဆေးဘက်ဆိုင်ရာအစီရင်ခံစာ (Medical Report) နှင့် လက်ရေး၊ လက်မှတ်၊ လက်ဗွေ၊ လက်နက်စတဲ့ကိစ္စရပ်တွေနှင့်ပတ်သက်ပြီး မှုခင်းတပ်ဖွဲ့မှ သက်ဆိုင်ရာ ကျွမ်းကျင်သူများရဲ့ ထင်မြင်ချက် (Expert Opinion) များကို သက်သေခံအက်ဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ အခြားတည်ဆဲဥပဒေများက ခွင့်ပြုတဲ့အတိုင်း သက်ဆိုင်ရာမှုခင်းများအတွက် သက်သေခံချက်အဖြစ် အသုံးပြုလျက်ရှိပါတယ်။

အဆိုပါပုဂ္ဂိုလ်များ၊ ဌာနများသည် သက်ဆိုင်ရာအကြောင်းရပ်အလိုက် ကျွမ်းကျင်သူများဖြစ်ကြောင်း၊ ၎င်းတို့၏ ထင်မြင်ချက်များ၊ အစီရင်ခံစာများကို တောင်းခံရယူအသုံးပြုနိုင်ကြောင်း သတ်မှတ်ချက်နှင့်အညီ တရားရုံးများက ၎င်းတို့၏ အစီရင်ခံစာများ၊ ထင်မြင်ချက်များကို သက်သေခံအဖြစ် လက်ခံအသုံးပြုခြင်း ဖြစ်ပါတယ်။ မျိုးရိုးဗီဇစစ်ဆေးချက် (DNA) ဟာ သက်ဆိုင်ရာကျွမ်းကျင်သူရဲ့ သိပ္ပံနည်းကျစစ်ဆေးချက်ဖြစ်တဲ့အတွက် DNA စစ်ဆေးချက်ကို သက်သေခံအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ တရားရုံးများက သက်သေခံအဖြစ် အသုံးပြုခြင်းကို ခွင့်မပြုနိုင်ဖို့ အကြောင်းမရှိပါဘူး။ အဆိုပါ (DNA) စစ်ဆေးချက်ကို သက်သေခံအဖြစ် အသုံးပြုနိုင်ပါက မျိုးရိုးဗီဇနှင့်စပ်လျဉ်းတဲ့ အငြင်းပွားချက်များအပေါ် တရားရုံးများက မှန်မှန်ကန်ကန်အဖြေထုတ် ဆုံးဖြတ်နိုင်တဲ့ အကျိုးရလဒ်များရရှိလာမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ မျိုးရိုးဗီဇစစ်ဆေးချက် (DNA) ကို သက်သေခံချက်အဖြစ် တရားရုံးများက အသုံးပြုနိုင်ဖို့အတွက် DNA စစ်ဆေးနိုင်တဲ့ ဌာန၊ အဖွဲ့အစည်းတစ်ရပ်ရှိဖို့လိုအပ်ပြီး မျိုးရိုးဗီဇအငြင်းပွားချက်နှင့်စပ်လျဉ်းလို့ အဲ့ဒီဌာန၊ အဖွဲ့အစည်းရဲ့ DNA စစ်ဆေးချက်ကို တောင်းခံရယူနိုင်ကြောင်း သတ်မှတ်ထားရှိဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒါမှသာ အဆိုပါဌာန၊ အဖွဲ့အစည်းရဲ့ DNA စစ်ဆေးတွေ့ရှိချက်ကို တရားရုံးအမှုများမှာ ဥပဒေနှင့်အညီကျွမ်းကျင်သူရဲ့ စစ်ဆေးတွေ့ရှိချက်အဖြစ် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ DNA စစ်ဆေးနိုင်တဲ့ဌာန၊ အဖွဲ့အစည်းများ တည်တောင်ဖွဲ့စည်းထားခြင်းရှိပါက ယင်းဌာန၊ အဖွဲ့အစည်းများ၏ DNA စစ်ဆေးချက်အားသက်သေခံချက်အဖြစ် တရားရုံးများမှာ အသုံးပြုသွားနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ဆက်လက်ပြီး မေးမြန်းလိုတာက ကျွန်တော်တို့ နိုင်ငံတော်မှာ DNA စစ်ဆေးချက်ကို လုပ်ဆောင်ဖို့ အစီအစဉ် ရှိပါသလားဆိုတဲ့မေးခွန်းကို ဆက်လက်ပြီး ဖြေကြားပေးဖို့ ပန်ကြားအပ်ပါတယ်။

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ DNA စစ်ဆေးချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ စီစဉ်ပေးနိုင်တဲ့အခြေအနေမရှိပါဘူး။ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနက DNA စစ်ဆေးတဲ့အဖွဲ့သတ်မှတ်ထားတဲ့အကြောင်းနဲ့ အဲ့ဒီက Expert Opinion ကို ရယူနိုင်တဲ့အကြောင်း သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာန အမှုစစ်အဖွဲ့အစည်းများ၊

တရားရုံးများကို တရားဝင်အကြောင်းကြားပြီး ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့က လက်ခံဆောင်ရွက်နိုင်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့တော့ တာဝန်ယူပြီးတော့ အဖွဲ့အစည်းဖွဲ့စည်းနိုင်တဲ့ အခြေအနေမရှိတဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီနေ့လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဖြေကြားတာနှင့် ဆက်စပ်ပြီးတော့ ဒီခန်းမထဲမှာလည်း ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာနရှိတဲ့အတွက် တကယ်လို့ DNA စစ်ဆေးဖို့နှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာဌာနများက စဉ်းစားထားတာ စီစဉ်ဆောင်ရွက်ထားတာရှိလို့ရှိရင်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူများသိရှိနိုင်ရေးအတွက် ပြန်လည်ဖြေကြားပေးစေလိုပါတယ်။

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားဓာတ်ခွဲဌာနဆိုတာ ရန်ကုန်မြို့မှာရှိပါတယ်။ ဒါကျွန်တော်တို့နိုင်ငံရဲ့ Refrance လည်းဖြစ်ပါတယ်။ ဒီဌာနအနေနဲ့ DNA ကိုလည်း စစ်ဆေးနိုင်တဲ့ Capacity ရှိပါတယ်။ စစ်ဆေးလည်း စစ်ဆေးပေးနေပါတယ်။ ဒီနေရာမှာ တရားဝင်စစ်ဆေးခွင့်ဖြစ်သွားဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနရယ်၊ ပြည်ထဲဝန်ကြီးဌာနရယ်၊ တရားလွှတ်တော်ချုပ်ရယ် ဆက်လက်ညှိနှိုင်းပြီးတော့အမြန်ဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဆက်လက်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ဒီလိုအမှုအခင်းများဖြစ်ရင် စုံစမ်းစစ်ဆေးဖော်ထုတ်ဖို့အတွက်ကို မှုခင်းတပ်ဖွဲ့ CID ကို ဖွဲ့စည်းထားရှိပါတယ်။ လက်ရှိလည်း ကျွန်တော်တို့ မှုခင်းများကို စုံစမ်းဖော်ထုတ်ဖို့အတွက်ကို ဒီအဖွဲ့ကပဲ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ခုနပြောတဲ့ DNA နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ တပ်ဖွဲ့မှာတော့ လက်ရှိအနေနဲ့ ဆောင်ရွက်ထားခြင်းမရှိပေမယ့်လည်း တပ်ဖွဲ့ဝင်များရဲ့ အရည်အသွေးမြှင့်တင့်ရေး၊ လိုအပ်တဲ့ဆက်စပ်ပစ္စည်းအတွက်ကိုလည်း DNA နှင့်ပတ်သက်ပြီးတော့ စစ်ဆေးနိုင်ရန်အတွက်လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ ခုန ကျန်းမာရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီး တင်ပြခဲ့သလိုပဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)အရ စွဲဆိုထားသောအမှုများကို ကျေအေးခွင့်၊ ရုပ်သိမ်းခွင့်မပြုရန် ညွှန်ကြားထားသည့်ကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းရဲ့ကိုယ်စား ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များ၊ လေ့လာသူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်က ဦးအောင်ဆန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းကိုယ်စား မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က) သည် ယာဉ်တိုက်မှု ဖြစ်ရာတွင် လူသေမှုဖြစ်သဖြင့်တရားစွဲဆိုအရေးယူသည့်အမှုဖြစ်ပါတယ်။ အဆိုပါအမှုများသည် မတော်တဆဖြစ်သော အမှုအမျိုးအစားဖြစ်ပါတယ်။ သေစေရန်ရည်ညွှန်း၍သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာ ရစေရန်ရည်ရွယ်၍သော်လည်းကောင်းဖြစ်ပွားသောအမှုမျိုးမဟုတ်ပါ။ ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများမှာလည်း ယာဉ်မောင်းသူတစ်ဦးတည်းရဲ့ အပြစ်သာဖြစ်သည်ဟုမဆိုနိုင်သကဲ့သို့ ယခုအခါ ဆိုင်ကယ်မောင်းသူတို့၏ မဆင်မခြင်စီးနင်းမောင်းနှင်ခြင်း၊ လမ်းသွားလမ်းလာ လူအချို့မှာ လည်း ယာဉ်ကြောကိုဂရုမစိုက်ခြင်း၊ မူယစ်သောက်စား၍ သွားလာခြင်းများလည်းရှိတတ်ပါတယ်။ ယခုအခါ အဆိုပါပြစ်မှုဥပဒေပုဒ်မ ၃၀၄ (က)အရ စွဲဆိုသောအမှုများကို အချို့သောတိုင်းနှင့် ပြည်နယ် အချို့တွင် ကျေအေးခွင့်၊ ရုပ်သိမ်းခွင့်မပြုခြင်းမှာ ပြစ်မှုဖြစ်ပွားမှုကို ဟန့်တားရည်ရွယ်ရန် ရည်ရွယ်ချက် ကောင်းမွန်သော်လည်း လက်တွေ့တွင်မိမိအမှားကိုမိမိဝန်ခံကြပြီး လူမှုရေးအရနစ်နာမှု ကို နှစ်ဖက်ပြေလည်အောင်ညှိနှိုင်းကြသဖြင့် အချိန်ကုန်သက်သာခြင်း၊ ရှေ့နေရှေ့ရပ်၊ တရားစွဲဆိုသော အဖွဲ့အစည်း၊ တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများအပါအဝင် ဆက်နွယ်သူများအားလုံးကို ပေးကမ်း ရသဖြင့် ငွေရေးကြေးရေးကုန်ကျမှုများပြားပြီး အကျင့်ပျက်ခြစားမှုရှင်သန်ကြီးထွားလာခြင်းစသည့်

မကောင်းသည့် အကျိုးဆက်များကို ဟန့်တားနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ် ပါတယ်-

(၁) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က) အရ စွဲဆိုထားသောအမှုများကို ကျေအေးရုပ်သိမ်းခွင့် မပြုဆိုတာမှန်ပါသလား။

(၂) ယင်းသို့တားမြစ်ထားခြင်းသည် တည်ဆဲဥပဒေနှင့်ညီညွတ်ပါသလား။

(၃) တည်ဆဲဥပဒေနှင့်မညီညွတ်လျှင် သို့တည်းမဟုတ် ထိုသို့တားမြစ်ထားသဖြင့် ကောင်းကျိုးထက် ဆိုးကျိုးကများနေလျှင် ပြန်လည်ပယ်ဖျက်ပေးနိုင်မည်လား။

ဆိုတာသိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော်ကပဲဆက်လက်ရှင်းလင်းဖြေကြားပါမယ်။ မေးခွန်းပါ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)မှာ အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုမှုကြောင့် လူသေ စေမှုအတွက်ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ထောင်ဒဏ် ၇ နှစ်အထိချမှတ်နိုင်သော ပြစ်မှုဖြစ်ပါတယ်။ သေစေတန်ရာသည်ကိုသိလျက်နဲ့ကျူးလွန်လျှင် ထောင်ဒဏ်ကို ၁၀ နှစ်အထိ တိုးမြှင့်ချမှတ်နိုင်တဲ့ ပြစ်မှုအမျိုးအစားလည်းဖြစ်ပါတယ်။ မော်တော်ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့လျော့စွာမောင်းနှင်မှု ကြောင့် လူသေဆုံးရသည့်ယာဉ်တိုက်မှုများကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က)အရ တရားရုံးများမှာ တရားစွဲဆိုကြပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)အရ စွဲဆိုတဲ့ယာဉ်တိုက်မှုတွေဟာ ပြစ်မှုဆိုင် ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ အပိုဒ်ခွဲ(၁)(၂)တို့အရ ကျေအေးခွင့်ရှိတဲ့အမှုများမဟုတ်တဲ့အတွက် အမှု ကျေအေးခွင့်မရရှိနိုင်ပါ။ ကျေအေးခွင့်မရတဲ့အမှုများကို ရုပ်သိမ်းခွင့်ပြုဖို့အတွက် လျှောက်ထားနိုင်ပါ တယ်။ ယင်းအမှုကို သက်ဆိုင်ရာဥပဒေအရာရှိက အမှုရုပ်သိမ်းခွင့်ပြုဖို့အတွက် တင်ပြလျှောက်ထား လာလျှင် တရားရုံးကပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ ရုပ်သိမ်းခွင့်ပြုသင့်ပါက ရုပ်သိမ်း

ခွင့်ပြုနိုင်ပါတယ်။ သို့သော်လည်း အမှုရုပ်သိမ်းခွင့်ပြုဖို့အမှုသည်များထံမှတိုက်ရိုက်တင်ပြတဲ့ လျှောက်လွှာတွေအပေါ် တရားရုံးကလက်ခံစဉ်းစားခြင်းမပြုနိုင်ပါ။ ရာဇဝတ်မှုများမှာအများပြည်သူကိုထိခိုက်နစ်နာစေတဲ့ပြစ်မှုများဖြစ်တဲ့အတွက် ကာယံကံရှင်ကရုပ်သိမ်းလိုရုံမျှဖြင့် ရုပ်သိမ်းခွင့်မပြုနိုင်ခြင်းဖြစ်ပါတယ်။ တရားစွဲအဖွဲ့အစည်းကသာ ရုပ်သိမ်းခွင့်လျှောက်ထားနိုင်ပါတယ်။ သက်ဆိုင်ရာရဲတပ်ဖွဲ့ သို့မဟုတ် တရားစွဲအဖွဲ့အစည်းကတစ်ဆင့် ရုပ်သိမ်းခွင့်တင်ပြလျှောက်ထားလာရင် သူတို့ရဲ့ သဘောထားမှတ်ချက်များတောင်းခံစိစစ်ပြီးနောက် ခွင့်ပြုသင့်တယ်လို့ ယူဆတဲ့အခါ သက်ဆိုင်ရာ အမှုလိုက်ဥပဒေ အရာရှိက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ အမှုကိုရုပ် သိမ်းခွင့်ပြုဖို့ တရားရုံးကိုတင်ပြ လျှောက်ထားရပါတယ်။ အဲ့ဒီလို တင်ပြလျှောက်ထားလာတဲ့အခါ လျှောက်ထားမှုဟာ တရားလိုဘက်က ပြစ်မှုထင်ရှားပေါ်လွင် အောင်သက်သေ အထောက်အထား များမတင်ပြနိုင်ခြင်း၊ အမှုကိုစွဲတင်ပြီးမှ စွပ်စွဲခံရသူတစ်ဦးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေသက်သေအဖြစ်ပြောင်းလဲ အသုံးပြုနိုင်ရန်အကြောင်း ပေါ်ပေါက်လာတဲ့အတွက် အဆိုပါစွပ်စွဲခံရသူအပေါ်တွင် စွဲဆိုသောအမှုကို ရုပ်သိမ်းရန်လိုအပ်လာခြင်း၊ အမှုကိုစစ်ဆေးနေစဉ်အတွင်း အမှုသည်များသည် သွေးရင်းသားရင်း ဖြစ်ကြ၍ အမှန်တရားကို ထုတ်ဖော်ပြောဆိုမည်မဟုတ်သောကြောင့် အမှုကိုဆက်လက်စစ်ဆေးခြင်း အားဖြင့် အကျိုးထူးဖွယ်ရာ မမြင်ခြင်းစတဲ့အကြောင်းတွေကြောင့် လျှောက်ထားခြင်း ဟုတ်၊ မဟုတ်နှင့် အမှုကိုရုပ် သိမ်းခွင့်ပြုခြင်းအားဖြင့် အလားတူအမှုမျိုးတိုးတက်ဖြစ်ပွားလာစေရန် အကြောင်းရှိ၊ မရှိကို စဉ်းစားသုံးသပ်ပြီး ရုပ်သိမ်းခွင့် ပြုသင့်တယ်လို့ယူဆတဲ့အခါ တရားရုံးကအမှုကို ရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ရပါတယ်။ အမှုရုပ်သိမ်းခွင့်မပြုလျှင် ဘာကြောင့်ရုပ်သိမ်းခွင့်မပြုကြောင်း အကျိုးအကြောင်းပြပြီးအမိန့်ချမှတ်ရပါတယ်။ တရားရုံးကအမှုကို ဆက်လက်စစ်ဆေးရပါတယ်။ အမှုရုပ်သိမ်းခြင်းနှင့်ပတ်သက်ပြီး ချမှတ်သောအမိန့် အပေါ်မကျေနပ်တဲ့သူက အဆင့်မြင့်တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားရန်ဖြစ်ပါတယ်။

မေးခွန်းအမှတ်(၁)နှင့်စပ်လျဉ်းပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)အရ စွဲဆိုတဲ့အမှုတွေကို ကျေအေးရုပ်သိမ်းခွင့်မပြုဆိုခြင်းမှာ မှန်ကန်ခြင်းမရှိပါကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ အရ အမှုကျေအေးခွင့်မပြုနိုင်သော်လည်းပဲ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ အမှုရုပ်သိမ်းခွင့်ပြုသင့်ပါက ရုပ်သိမ်းခွင့်ပြုသင့်ပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ မေးခွန်းအမှတ်(၂)နှင့် စပ်လျဉ်းပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က)အရ စွဲဆိုသောအမှုများ ကျေအေးခွင့်မရှိခြင်းသည့် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနဲ့ညီညွတ်မှုရှိပါကြောင်း၊ အမှုရုပ်သိမ်းခွင့် မပြုရန်တားမြစ်ထား

ခြင်းမရှိပါကြောင်း ဥပဒေနှင့်အညီအမှုရုပ်သိမ်းခွင့်ပြုသင့်သည့်အမှုများကို ရုပ်သိမ်းခွင့်ပြုပြီး ရုပ်သိမ်းခွင့်မပြုသင့်သည့်အမှုများကို ရုပ်သိမ်းခွင့်မပြုကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အထက်ပါဖြေဆိုချက်များအရ မေးခွန်းအမှတ်(၃)နှင့်ပတ်သက်ပြီး ရှင်းလင်းဖြေဆိုရန် လိုအပ်မှာမဟုတ်တော့ကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**နိုင်ငံ့ဝန်ထမ်းဆရာဝန်များနှင့်ပတ်သက်၍ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ဘွဲ့လွန်သင်တန်းများတက်ရောက်ခြင်းဆိုင်ရာသတ်မှတ်ချက်မူများနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြတဲ့ ဆရာဝန်များအနက် နိုင်ငံ့ဝန်ထမ်းဆရာဝန်များနှင့်ပတ်သက်ပြီး ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ဘွဲ့လွန်သင်တန်းများတက်ရောက်ခြင်းနဲ့သက်ဆိုင်တဲ့မေးခွန်းများဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးရတဲ့အကြောင်းအရင်းကတော့ လွန်ခဲ့တဲ့နှစ်များစွာကတည်းကယခုအချိန်အထိ နိုင်ငံ့ဝန်ထမ်းဆရာဝန်များဟာ တိကျတဲ့သတ်မှတ်ချက်မူများနှင့် ပွင့်လင်းမြင်သာစွာသိခွင့်မရခဲ့တဲ့အတွက် နိုင်ငံ့ဝန်ထမ်းထမ်းဆောင်ခြင်းအပေါ် စိတ်သောကနဲ့မရေရာသောလမ်းပေါ်မှာလျှောက်နေရသလိုခံစားနေရတာကိုတွေ့မြင်ရပါတယ်။ မိမိကိုယ်တိုင်လည်း ဝန်ထမ်းဘဝကိုဖြတ်သန်းလာခဲ့ရခြင်းအတွေ့အကြုံများကိုအခြေခံပြီးတော့ ယခုလိုအချိန်မှာ ပြုပြင်ပြောင်းလဲသင့်ပြီဟုယူဆတဲ့အတွက်မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမပြောင်းရွှေ့တာဝန်ချထားခြင်းကိစ္စဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆရာဝန်များဟာ အလုပ်စတင်ဝင်ရောက်စဉ်ကပင် မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်ပါမည်ဆိုတဲ့ ဝန်ခံကတိလက်မှတ်ရေးထိုးကြရပါတယ်။ ဒီ ဝန်ခံကတိအတိုင်းပါပဲ။ ဆရာဝန်များဟာ ဝေးလံခေါင်သီတဲ့ဒေသများကိုသွားရောက်တာဝန်ထမ်းဆောင် ရပါတယ်။ ဒါမှလည်း ဝေးလံခေါင်သီအရပ်မှာရှိတဲ့ ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားများကျန်းမာရေးစောင့်ရှောက်မှုရမှာဖြစ်တဲ့အတွက် ဖြစ်သင့်တဲ့အစီအမံလည်းဖြစ်ပါတယ်။ ခက်တာကဒီဒေသတွေမှာ ဘယ်လောက်ကြာကြာတာဝန်ထမ်းဆောင်ရမလဲဆိုတဲ့ ပြဿနာရှိလာပါတယ်။ နှုတ်အား

ဖြင့်သိပ်မကြာပါဘူး။ ၁ နှစ်၊ ၂ နှစ်လို့ အာမခံချက်မျိုးရှိနေပေမယ်လို့ ရံဖန်ရံခါမှာ ၁ နှစ်၊ ၂ နှစ်မကဘဲ ၃ နှစ်၊ ၄ နှစ်ကြာတဲ့အထိ ပြောင်းရွှေ့ဖို့လျှောက်လွှာတင်ပေမယ့်လို့လည်း ဒီဝေးလံခေါင်သီဒေသကနေ ပြီးတော့ ပြန်ပြီးတော့ မပြောင်းရတဲ့ဆရာဝန်တွေလည်းရှိလာပါတယ်။ နောက်တစ်ခုက ဝေးလံခေါင်သီတဲ့ဒေသတွေမှာ တစ်ခေါက်ရောက်ပြီး နောက်ဘယ်တော့ပြန်ရောက်မလဲ ၂ နှစ်လောက်ကြာရင်ရောက်မလား။ ၃ နှစ်ကြာရင်ရောက်မလား။ ဒီလိုလည်းမသိရတဲ့အတွက် တချို့ဆရာဝန်များဟာ ဝေးလံခေါင်သီတဲ့အရပ်ဒေသများကိုရောက်ပြီးနောက် ၂ နှစ်လောက်ပဲခြားတယ်။ တစ်ခါပြန်ပြီးတော့ အဲ့ဒီနေရာကိုပြန်ရောက်သွားပါတယ်။ အဲ့ဒီတော့ တချို့ဆရာဝန်များဟာ စိတ်ဓာတ်ကျပြီးတော့အလုပ်ထွက်တဲ့ဆရာဝန်တွေလည်း အလုပ်ထွက်သွားတာတွေ့ရပါတယ်။ နိုင်ငံခြားထွက်သွားတဲ့ဆရာဝန်တွေလည်း တွေ့ရပါတယ်။ ဒီလိုဖြစ်နေမယ်ဆိုလို့ရှိရင် နိုင်ငံရဲ့စွမ်းအားအရင်းအမြစ်တွေဟာ ဆုံးရှုံးသွားနိုင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ အကယ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သတ်မှတ်ချက်မူတိတိကျကျ ချထားပေးမယ်ဆိုလို့ရှိရင် ဆရာဝန်များအနေနဲ့ နိုင်ငံ့တာဝန်ကိုထမ်းဆောင်တဲ့နေရာမှာ အေးအေးချမ်းချမ်းနဲ့ ဝေးလံခေါင်သီအရပ်ဒေသတွေကိုလည်း သွားနိုင်မှာဖြစ်ပါတယ်။ ဥပမာ Order မှာ ဒေါက်တာဘယ်သူ့အား ဘယ်ဒေသကို ဘယ်နေ့မှစ၍ တာဝန်ထမ်းဆောင်သောကာလ ၁ နှစ် သို့မဟုတ် ၂ နှစ်ချထားလိုက်သည်။ ဒါနေရာတိုင်းကိုပြောတာမဟုတ်ပါဘူး။ ဝေးလံခေါင်သီအရပ်ဒေသကိုပြောတာပါခင်ဗျား။ တာဝန်ထမ်းဆောင်နေစဉ်ခွင့်ယူခြင်း၊ သင်တန်းတက်ခြင်းနှင့် အခြားနည်းဖြင့်ပျက်ကွက်ခြင်းများမပါဝင် ၁ နှစ်တိတိ သူဒီမှာ Service အပြည့်ရှိရမယ်။ အဲ့လိုရှိတယ်ဆိုလို့ရှိရင် ဒါဝန်ထမ်းကလည်း အဲ့ဒီနေရာမှာ ၁ နှစ်ဆို ၁ နှစ်၊ ၂ နှစ်ဆို ၂ နှစ် သူကနေရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူစိတ်ချမ်းသာလက်ချမ်းသာနဲ့ ၁ နှစ်ပြည့်ရင်တော့ ငါသည်းခံပြီးတော့ ၁ နှစ်ပြည့်အောင်တာဝန်ထမ်းဆောင်လိုက်မယ်။ ပြီးလို့ရှိရင် ပြောင်းရမှာပဲဆိုတဲ့အတွက်ကြောင့်မို့လို့ သူ့အတွက်တာဝန်ထမ်းဆောင်ရတာလည်းကောင်းပါတယ်။

နောက်တစ်ခုကတော့ ရာထူးတိုးမြှင့်ပေးခြင်းဖြစ်ပါတယ်။ ရာထူးတိုးမြှင့်ပေးခြင်းလည်း ကျွန်တော်တို့ ဆရာဝန်ပိုင်းမှာ လိုင်းတွေကတော်တော်စုံပါတယ်။ ပြည်သူ့ကျန်းမာရေးနှင်ပတ်သက်တဲ့ ဆရာဝန်တွေရှိတယ်။ ကုသရေးဆရာဝန်တွေရှိတယ်။ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးပိုင်းမှာပါဝင်နေ တဲ့ ဆရာဝန်တွေလည်းရှိပါတယ်။ အဲ့ဒီအချိန်အခါမှာ တချို့တလေရာထူးတိုးတဲနေရာမှာ ပညာအရည်အချင်းတူပေမယ်လို့ ကိုယ့်ထက်လုပ်သက်နုတဲ့လူကအရင်ရာထူးတိုးသွားတာတို့၊ ရှေ့မှာကိုယ်က ရာထူး တိုးခွင့်ရှိရဲ့သားနဲ့ ရှေ့မှာအခွင့်အလမ်းတွေပိတ်နေတာတို့ ဒီလိုမျိုးတွေရှိပါတယ်။ ရှိတဲ့အခါမှာ

ပြဿနာတွေတက်ပါတယ်။ အကယ်၍သာမူကျကျနန သေချာချထားမယ်ဆိုလို့ရှိရင် ဒီမူတွေ ဒီမူတွေကြောင့်မို့ ရာထူးတိုးပေးရခြင်းဖြစ်ပါတယ်။ ဒီမူတွေ ဒီမူတွေကြောင့်မို့ ရာထူးမတိုးသေးခြင်းကို ခေတ္တစောင့်ဆိုင်းပါလို့လည်းပြောလို့ရပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ရာထူးတိုးတဲ့ နေရာမှာလက်ရှိလည်းကျင့်သုံးနေပါတယ်။ ၀ဖ ပုံစံဆိုတာရှိပါတယ်။ ၀ဖပုံစံဆိုတာကတော့ အကြီးအကဲလုပ်တဲ့ဆရာဝန်ကြီးတွေကနေပြီးတော့မှ ကိုယ့်လက်အောက်မှာရှိတဲ့ လက်ထောက်ဆရာဝန်တွေ ဒါမှမဟုတ်ကိုယ်နဲ့ဆက်စပ်တဲ့ဆရာဝန်တွေ၊ ကိုယ်တာဝန်ယူပြီး အုပ်ချုပ်ရတဲ့ဆရာဝန်တွေအပေါ်မှာ အမှတ်ပေးစနစ်နဲ့ သူရဲ့ဆောင်ရွက်မှုအခြေအနေ၊ အရည်အချင်းအခြေအနေ၊ တာဝန်ကျေမှုအခြေအနေတွေကို ၀ဖ ပုံစံနဲ့အသုံးပြုနေတာရှိပါတယ်။ လက်ရှိအခြေအနေမှာတော့ ၀ဖ ပုံစံရဲ့အရေးပါမှုက သိပ်ပြီးတော့ မရှိသလိုဖြစ်နေပါတယ်။ များသောအားဖြင့်တော့ ကြီးကြပ်တဲ့ဆရာဝန်ကြီးတွေကလည်း ဒီဟာကိုလျှို့ဝှက်သဘောမျိုးမဟုတ်ဘဲနဲ့ အားလုံးပဲထောက်ခံပေးလိုက်တော့ ဒီ ၀ဖ ပုံစံထားရှိရတဲ့ပုံစံကလည်း သဘောကလည်းသိပ်ပြီးတော့ အကျိုးမသက်ရောက်သလိုဖြစ်နေပါတယ်။ ဒါကိုလည်း ဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုပြောချင်တာကတော့ ဘွဲ့လွန်သင်တန်းတက်တဲ့နေရာမှာ ရွေးချယ်တဲ့အခါတွေ နောက် ဘွဲ့လွန်အောင်မြင်ပြီးတော့ ဆရာဝန်များကိုတာဝန်ချထားတဲ့နေရာတွေ ဒီနေရာတွေမှာလည်း မူဝါဒလေးတွေ၊ မူလေးတွေ၊ သတ်မှတ်ချက်ကလေးတွေသေသေချာချာ ရှိသင့်ဖို့လိုအပ်ပါတယ်။ တချို့ဆရာဝန်များဟာ မြို့ကြီးတွေမှာပဲတာဝန်ထမ်းဆောင်ပြီးတော့ နောက်ဆုံးတော့ အထူးကုဆရာဝန်ကြီးတွေဖြစ်သွားကြပါတယ်။ တချို့ဆရာဝန်များကတော့လည်း မြို့ငယ်လေးတွေမှာပဲ တဝဲလည်လည်နေရင်းနဲ့ တစ်ခါတစ်လေ အလွန်ဝေးလံတဲ့နေရာတွေမှာရောက်ရှိနေတဲ့အချိန်အခါမှာ ဘွဲ့လွန်သင်တန်းတွေခေါ်တာကိုမသိလိုက်ရလို့ မဖြေလိုက်ရတဲ့ဆရာဝန်တွေလည်းရှိပါတယ်။ ဒီဝေးလံခေါင်းပါးတဲ့နေရာလေးတွေ၊ မြို့ငယ်လေးတွေမှာရောက်နေတော့ စာလည်းမကျက်နိုင်တဲ့အတွက်ကြောင့်မို့လို့ သူလည်းဝင်ခွင့်ဖြေဖို့အခွင့်အလမ်းမရှိတာတွေလည်းရှိပါတယ်။ အဲ့တော့ ဒီလိုဆရာဝန်တွေရဲ့ဘွဲ့လွန်သင်တန်းတက်တဲ့နေရာမှာအရည်အချင်း ရှိရင်ရှိသလို သူတို့တစ်တွေအခွင့်အလမ်းရအောင်လည်း မူလေးတွေချထားပေးသင့်တယ်လို့ထင်ပါတယ်။ နောက်တစ်ခါ ယခုအခါမှာ ကျွန်တော်တို့မှာ ပြဿနာနည်းနည်းရှိပါတယ်။ အဲ့ဒါ ဘာလဲဆိုတော့ ဘွဲ့လွန်သင်တန်းတက်ခွင့်တွေပေးတဲ့အခါမှာ တချို့တာဝန်ကျတဲ့မြို့ငယ်တွေမှာ မြို့တွေမှာဆရာဝန်၊ လက်ထောက်ဆရာဝန်တွေဟာ ၂ ဦး၊ ၃ ဦး၊ ၄ ဦးရှိတယ်။ အဲ့ဒီ ၄ ဦးရှိတဲ့အထဲမှာ ၂ ဦးက ဘွဲ့လွန်သင်တန်းသွားတက်တော့

ကျန်တဲ့ ၂ ဦးက လစ်လပ်ပြီးနေရစ်ခဲ့ပါတယ်။ လစ်လပ်ပြီးနေရစ်ခဲ့တော့ အဲ့ဒီလစ်လပ်တဲ့နေရာမှာလည်း အစားထိုးတဲ့အနေအထားမျိုးလေးမရှိတဲ့အခါကျတော့ ပြည်သူလူထုရဲ့ကျန်းမာရေးစောင့်ရှောက်မှုမှာ အလွန်အားနည်းသွားတာလေး လည်းရှိပါတယ်။ အဲ့ဒါကြောင့်မို့ ဒီဘွဲ့လွန်သင်တန်းခေါ်ယူတဲ့အခါမှာ ထိုက်သင့်တဲ့ပြည်သူတွေဘက်ကရော၊ ဆရာဝန်တွေဘက်ကရော သင့်တင့်လျောက်ပတ်တဲ့ မူလေးတွေချပေးထားမယ်ဆိုလို့ရှိရင် ပိုပြီးတော့ကောင်းပါတယ်။ အဲ့ဒါကြောင့်မို့ ပြောင်းရွှေ့မှုနှင့်ပတ်သက်ပြီးဖြစ်စေ နောက်ဆံမတင်းဘဲ မိမိဝါသနာပါရာဆေးပညာကိုလည်း စည်းကမ်းနဲ့အညီလေ့လာဆည်းပူးပြီး ပြည်သူလူထုအတွက် စိတ်သောကကင်းဝေးစွာ တာဝန်ထမ်းဆောင်နိုင်တဲ့ ဆရာဝန်များလိုအပ်လာပြီဖြစ်ပါတယ်။ ပြီးပြည့်စုံသော ကျန်းမာရေးစနစ်ပေါ်ပေါက်လာရင်တော့ ဒီရည်မှန်းချက်တွေကအောင်မြင်လာမှာပါ။ သို့သော် ပထမအဆင့်ပြောင်းလဲမှုအနေနဲ့ လက်ရှိအခြေအနေထက်ပိုမိုကောင်းသော နိုင်ငံ့ဝန်ထမ်းဆရာဝန်များ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် ဘွဲ့လွန်သင်တန်းများခေါ်ယူခြင်း မူသစ်များ မည်သို့ချထားသည်ကိုသိရှိလိုပါကြောင်း ဆရာဝန်လောကတွင်လည်း ပွင့်လင်းမြင်သာစွာ ရှိစေရန်ရည်ရွယ်၍မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်သန်းမှမေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သစ်လွင်ဆရာဝန်များကို ဝန်ထမ်းသစ်ခန့်ထားရာမှာ ၎င်းတို့ဆန္ဒပြုထားတဲ့ ဦးစားပေးနေရာများမှ ရာထူးနေရာလစ်လပ်မှုအပေါ်၊ လုပ်ငန်းလိုအပ်မှုအပေါ်မူတည်ပြီးတော့ ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများနှင့် Training ရနိုင်တဲ့ အထူးကုဆရာဝန်များရှိတဲ့ ခရိုင်ဆေးရုံကြီးများမှာပဲ တာဝန်ချထားတဲ့မူကို လက်ရှိကျင့်သုံးနေပါတယ်။ ဒါလည်း သူတို့အနေနဲ့ ဆေးသင်တန်း ၆ နှစ် တက်ပြီးတော့ အလုပ်သင်ဆရာဝန် ၁ နှစ်လုပ်ခဲ့တဲ့အချိန်မှာ Scale Training ကို လိုအပ်တာဖြစ်တဲ့ အတွက် Scale Training ပေးပြီးမှသာလျှင် Independence နေရာများကို ကျွန်တော်တို့ လွှတ်ချင်တဲ့မူအရ

ဒီစနစ်ကိုကျင့်သုံးနေခြင်းဖြစ်ပါတယ်။ ဖော်ပြပါဆေးရုံကြီးတွေမှာ On Job Training ၂ နှစ်တာဝန်ထမ်းဆောင်ပြီးတဲ့ဆရာဝန်တွေကို မြို့နယ်အဆင့်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများကို လုပ်ငန်းလိုအပ်ချက်ရှိပါက ပြောင်းရွှေ့တာဝန်ချထားပေးလျက်ရှိပါတယ်။ ဘွဲ့လွန်ရရှိပြီးတဲ့ အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များကိုတော့ ဒေသရဲ့လိုအပ်ချက်မှာ မူတည်ပြီး ဝေးလံခေါင်သီတဲ့ဒေသများကို တာဝန်ချထားလျက်ရှိပါတယ်။ အဲ့လိုတာဝန်ချထားပြီးပြီဆိုလည်း သတ်မှတ်တာဝန်ထမ်းဆောင်ချိန်ပြည့်ပြီးတဲ့အခါမှာ ၎င်းတို့ရဲ့ဆန္ဒပြုလျှောက်ထားမှု အပေါ်မှာမူတည်၍လည်းကောင်း၊ လစ်လပ်နေရာအပေါ်မှာ မူတည်၍လည်းကောင်း ပြောင်းရွှေ့တာဝန်ချထားလျက်ရှိပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့က သီးခြားလွှတ်လိုက်တဲ့အချိန်မှာကိုကတည်းက သူတို့ကိုခေါ်တွေ့ပြီးတဲ့အခါမှာ ၁ နှစ် နေရာသည် ၁ နှစ်ပြည့်ပြီးတဲ့အခါမှာပြန်ခေါ်မယ်။ ဒါကြောင့် ၁၀ လမှာ လျှောက်လွှာတင်ပါ။ ဒါကို ကျွန်တော်တို့က Register ကို သီးခြားလုပ်ပြီးတော့ ဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ သူတို့ရဲ့အချိန်ကာလ ပိုပြီးတော့မကြာသွားအောင်အတွက် အထူးကြပ်မတ်စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ အခုအချိန်ကာလမှာလည်း ၁ နှစ် ဒေသသည် ၁ နှစ်ထက် ၃ လမပိုစေရန်လည်းကောင်း၊ ၁ နှစ်ခွဲသတ်မှတ်ထားတဲ့နေရာသည် ၁ နှစ် ထက် ၉ လမပိုစေရန်လည်းကောင်း၊ ၂ နှစ်သတ်မှတ်ထားတဲ့နေရာမှာ ၂ နှစ်ထက် ၃ လမပိုစေရန် ၃ လ အတွင်းမှာဆောင်ရွက်ပေးနိုင်ရေးအတွက်ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ဝေးလံတဲ့နေရာကိုတစ်ခေါက်ရောက်ပြီးရင် နောက်တစ်ခေါက်ကိုတော့ ၂ နှစ်၊ ၃ နှစ်အတွင်းမှာပြန်ပို့လေ့ပို့ထမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းတစ်ယောက်ရဲ့ ဘဝကိုကြည့်လိုက်မယ်ဆိုရင် ဝန်ထမ်းလုပ်သက် ၃၀ မှာ ဝေးလံတဲ့ဒေသကိုတော့ အနည်းဆုံး တစ်ခေါက်၊ အများဆုံးနှစ်ခေါက်လောက်တော့ ရောက်လေ့ရှိပါတယ်။ ဒါဟာလည်းပဲကြားမှာ ကာလခြားပြီးရောက်တာဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

ကျန်းမာရေးဦးစီးဌာနအနေနဲ့ ရာထူးတိုးမြှင့်ရေးဆောင်ရွက်တဲ့နေရာမှာ ဘွဲ့လွန်ရရှိပြီးတဲ့ လက်ထောက်ဆရာဝန်များကို တစ်ဆင့်မြင့်ရာထူးဖြစ်တဲ့ အထူးကုဆရာဝန် ဒါမှမဟုတ် လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီး/ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်/ခရိုင်ဦးစီးမှူးရာထူးများတိုးမြှင့်ခြင်းကိုတော့ သူတို့ရဲ့ဘွဲ့လွန်နှစ်အလိုက် လုပ်သက် ၅ နှစ်မှ ၇ နှစ်အတွင်းရှိသူများကို ရာထူးတိုးတန်းစီဇယားနဲ့ တွက်ချက်အမှတ်ပေးပါတယ်။ ရာထူးတိုးတန်းစီဇယားဆိုတာ သူတို့လုပ်သက်ရမှတ်တွေရှိပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသွားတဲ့ ဝန်ထမ်း

အကဲဖြတ်မှတ်တမ်းခေါ်တဲ့ ၀၈ ရမှတ်တွေကိုကြည့်ပါတယ်။ နောက် သူတို့ရဲ့ဘွဲ့ရမှတ်တွေကို တွက်ပါတယ်။ ပြီးရင် Interview ရမှတ်တွေကိုပေါင်းစည်းတဲ့အခါမှာ အမှတ်ပေးဇယားအတိုင်း ထိပ်ဆုံးကနေပြီးတော့မှ တန်းစီပြီးရာထူးတိုးတဲ့လုပ်ငန်းကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုနည်းတူစွာပဲ အထူးကုဆရာဝန်ရာထူးမှ အထူးကုဆရာဝန်ကြီးရာထူးကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်း/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးမှ ဒုတိယ ညွှန်ကြားရေးမှူးသို့လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေး ဦးစီးရာထူးသို့လည်းကောင်း၊ ဆေးရုံအုပ်/ခရိုင်ဦးစီးမှူးရာထူးမှ ဆေးရုံအုပ်ကြီးရာထူးသို့လည်းကောင်း တိုးမြှင့်ခြင်းကိုလည်း တစ်ဆင့်နိမ့်ရာထူးဖြစ်တဲ့ လက်ရှိရာထူးစတင်ရရှိတဲ့နေ့မှစပြီး ၅ နှစ်မှ ၇ နှစ်အတွင်းရှိသူများကို ရာထူးတိုးတန်းစီဇယားဖြင့် အမှတ်ပေးတွက်ချက်ပြီးတော့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးကု ဆရာဝန်ကြီး/တွဲဖက်ပါမောက္ခကို ပါမောက္ခရာထူးတိုးမြှင့်ပေးတဲ့နေရာမှာတော့ 3rd Degree ခေါ်တဲ့ ဘွဲ့ကိုရရှိပြီးမှသာ လက်ရှိရာထူးရရှိတဲ့နေကစပြီး ၅ နှစ်မှ ၇ နှစ်အတွင်းရှိတဲ့အနက်မှ ရာထူးတိုးမြှင့် ပေးခြင်းကိုလည်း ဦးစီးဌာနစီမံခန့်ခွဲရေးကော်မတီမှာ ဦးစွာညှိနှိုင်းဆွေးနွေးပြီးတော့မှ ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီကိုတင်ပြပြီး ရာထူးတိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၅ နှစ်မှ ၇ နှစ်လို့ သတ်မှတ်တဲ့နေရာမှာ တချို့အထူးကုဘာသာရပ်တွေအနေနဲ့ နေရာမရှိရင်တော့ ခွင့်ပြုမိန့် နေရာ မရှိရင်တော့ ပေးလို့မရတဲ့အနေအထားဖြစ်တဲ့အတွက် ၅ နှစ်၊ ၇ နှစ်ဆိုတာ ပုံမှန်ဆိုသော်လည်းပဲ တချို့ ၇ နှစ်ကြာတာလေးတွေရှိသလို တချို့ ၅ နှစ်မပြည့်ခင်မှာ ရတာလေးတွေလည်းရှိကြောင်း၊ ဘာသာရပ် တစ်ခုနှင့် တစ်ခုမတူညီကြောင်းလည်း တစ်ပါတည်းတင်ပြအပ်ပါတယ်။

ထို့အပြင် နိုင်ငံ့ဝန်ထမ်းဆရာဝန်များနှင့်ပတ်သက်ပြီး ဘွဲ့လွန်သင်တန်းတက်ရောက်ခြင်း ဆိုင်ရာသတ်မှတ်ချက်များ၊ မူများကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနကနေပြီးမှ သတ်မှတ်ပေးပြီးဖြစ်ပါတယ်။ ဆေးပညာဒီပလိုမာ၊ မဟာသိပ္ပံနှင့် ပါရဂူဘွဲ့သင်တန်းများကို နိုင်ငံ့ ဝန်ထမ်းဆရာဝန်များကို ဘာသာရပ်အလိုက်သတ်မှတ်ထားတဲ့ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက် များနှင့် ပြည့်စုံသူများကိုလျှောက်ထားရန် နှစ်စဉ်လျှောက်လွှာခေါ်ယူပြီးတော့ ကြေညာချက်မှာ သင်တန်းအလိုက်ဖြေဆိုရမည့် ဘာသာရပ်၊ စစ်ဆေးမည့်အချိန်၊ မေးခွန်းပုံစံများကိုပါထည့်သွင်းဖော်ပြ ထားရှိပါတယ်။ စာမေးပွဲဖြေဆိုရမည့် ဆရာဝန်များအနေနဲ့ မိမိတို့လျှောက်ထားတဲ့ အထူးပြု ဘာသာရပ်အလိုက် ရေးဖြေစာမေးပွဲကိုအရင်ဖြေရပါတယ်။ ရေးဖြေအောင်မြင်သူများကို လူတွေ့ နှုတ်ဖြေစာမေးပွဲများဖြေဆိုစေပြီး ဘွဲ့လွန်သင်တန်းတက်ရောက်ခွင့်ရရှိသူများရဲ့ အောင်စာရင်းကို

ထုတ်ပြန်ပေးရပါတယ်။ ဘွဲ့လွန်ဆေးပညာသင်တန်း ဝင်ခွင့်လူတွေ့နှုတ်ဖြေအမှတ်ပေးရာမှာ နယ်နှင့် ခက်ခဲဒေသမှာ တာဝန်ထမ်းဆောင်သူများအတွက် မူတစ်ခုသတ်မှတ်ထားပါတယ်။ အခြေခံရမှတ်မှာ နယ်၊ ခက်ခဲဒေသ၊ အခက်အခဲဆုံးဒေသ၊ နယ်စပ်ဖွံ့ဖြိုးရေးအထူးဒေသနှင့် အထူးစီမံကိန်းဒေသများမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများအတွက်ပေးရတဲ့အမှတ်များကို သီးခြားသတ်မှတ်ပြီးတွက်ချက် ပေးရပါတယ်။ အဲ့လို အမှတ်ပေးရာမှာ ရန်ကုန်၊ မန္တလေးမှာပဲ တာဝန်ထမ်းဆောင်ခဲ့ဖူးသူဆိုရင် ရမှတ် ၀ ပဲဖြစ်ပါတယ်။ သို့သော် ခက်ခဲဒေသ၊ အခက်ခဲဆုံးဒေသ၊ နယ်စပ်ဖွံ့ဖြိုးရေးအထူးဒေသနှင့် အထူး စီမံကိန်းဒေသများကို တစ်နှစ်ထမ်းဆောင်လျှင် အများဆုံး ၁၅ မှတ်ထိပေးပြီးတော့ အမှတ်ပေးနိုင်ရေး အတွက်လည်း ခက်ခဲဒေသတာဝန်နှင့် ၎င်းဒေသမှာ တာဝန်ထမ်းဆောင်သူတို့ကို ကျန်းမာရေးဦးစီးဌာန နှင့် ဆေးသိပ္ပံပညာဦးစီးဌာနတို့ညှိနှိုင်းပြီး အမှတ်ပေးတာဖြစ်ပါတယ်။ သို့အတွက် နယ်၊ ခက်ခဲဒေသ၊ အခက်ခဲဆုံးဒေသ၊ နယ်စပ်ဖွံ့ဖြိုးရေးအထူးဒေသနှင့် အထူးစီမံကိန်းဒေသများအတွက် အမှတ်ပေးမှု သတ်မှတ်ဆောင်ရွက်ပေးတဲ့အတွက်လည်း လက်ရှိဘွဲ့လွန်သင်တန်းမှာ အဆင့်ဆင့်ဖြေဆိုအောင်မြင် ပြီးတဲ့ မြို့ကြီးမှဆရာဝန်များသာမက နယ်စပ်ဒေသ၊ အခက်ခဲဆုံးဒေသ၊ နယ်စပ်ဖွံ့ဖြိုးရေး အထူး ဒေသနှင့် အထူးစီမံကိန်းဒေသများတွင် တာဝန်ထမ်းဆောင်နေတဲ့ဆရာဝန်များပါ ယခုဘွဲ့လွန် သင်တန်း တက်ရောက်သင်ကြားလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

နောက် ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိသွားတဲ့ သက်ဆိုင်ရာမြို့နယ်၊ သက်ဆိုင်ရာခရိုင်တွေမှာ ဘွဲ့လွန်သင်တန်းပါသွားလို့ နေရာအစားမဖြည့်ပေးနိုင်တဲ့ကိစ္စနှင့်ပတ်သက်လို့ ဘွဲ့လွန်ကျောင်းသား Pull ကိုထောင်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ အဲ့ဒီကလေးတွေသည် ဘွဲ့လွန်သင်တန်းပါသွားရင် Pull အင်အားနဲ့ရွှေ့လိုက်ပြီးတော့မှ အဲ့ဒီသင်တန်း၊ သူတို့ရဲ့နေရာတွေမှာ လက်ထောက်ဆရာဝန်များကို ပြန်လည်ခန့်ထားပေးပြီးတော့ လုပ်ငန်းများမလစ်ဟင်းရေးအတွက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**၂၀၀၈ ခုနှစ် ကျိုင်းတုံ သူနာပြုသားဖွားသင်တန်း အပတ်စဉ်(၁၀) သို့တက်ရောက်အောင်မြင်ခဲ့သော သားဖွားဆရာမများအား အစိုးရဝန်ထမ်းအဖြစ် ခန့်ထားအသိအမှတ်ပြုရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)။** ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူလူထုသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝမြှင့်တင်ရေးသည် အဓိကကျသော လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ကျေးလက်နေအခြေခံလူတန်းစား ၂ ရပ်ဖြစ်တဲ့ တောင်သူလယ်သမားလူတန်းစားနှင့် အလုပ်သမားလူတန်းစားနှစ်ရပ်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံသည် နိုင်ငံရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း တည်တည်ငြိမ်ငြိမ်ဖြစ်အောင် စွမ်းဆောင်နေသော နိုင်ငံ့ခေါင်းဆောင်အချို့သည် ကျေးလက်ဒေသတွင် နေထိုင်ခဲ့ဖူးသော ပညာတတ်လူငယ်များဖြစ်ကြပါတယ်။ အနာဂတ်တွင်လည်း နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် မျိုးဆက်သစ်လူငယ်များသည် ကျေးလက်နေပြည်သူထဲက မဖြစ်လာဘူးလို့ မပြောနိုင်ပါ။ ယနေ့ နိုင်ငံ့ခေါင်းဆောင်များတွင်လည်း အများအားဖြင့် ကျေးလက်နေပြည်သူလူထုထဲကဖြစ်နေကြောင်း သမိုင်းကြောင်းအရတွေ့ရှိရပါတယ်။ မိမိနေထိုင်ရာဒေသမှ ကျေးလက်နေပညာတတ်သူများသည် မိမိဒေသ ဌာနဆိုင်ရာအသီးသီးမှာပဲ နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်ထမ်းဆောင်ခွင့်ရရှိပါက ဖြစ်ပေါ်လာမယ့် အကျိုးကျေးဇူးများသည် နိုင်ငံတော်အတွက်သော်လည်းကောင်း၊ ပြည်သူအတွက်သော်လည်းကောင်း ပိုမိုပြီးထိရောက်မယ်လို့ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မူလတန်းကျောင်းတွင် လာမယ့်ပညာသင်နှစ်မှ စတင်ပြီး မူလတန်းပြ ဆရာ၊ ဆရာမအသစ်များကို မိမိနေထိုင်ရာမြို့နယ်အတွင်းသာ ဦးစားပေးတာဝန်ပေးခန့်အပ်ရန်အတွက် စီမံကိန်းချဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ်။ သူ့အရပ်နဲ့ သူ့ဇာတ်ဆိုတဲ့ စကားပါအတိုင်း အစစအရာရာပိုမိုအဆင်ပြေပြီး ဒေသခံပြည်သူများအတွက် ဝမ်းသာစရာသတင်းကောင်း ဖြစ်ပါတယ်။ အဓိကအားသာချက်ကတော့ ခွင့်ယူပြီးပြန်စရာမလိုတော့ဘဲ မိမိလုပ်ငန်းကိုဖိဖိစီးစီးနှင့် အချိန်ပြည့်ဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုပြီးအကျိုးကျေးဇူးများများစွာ ပေါ်ပေါက်လာနိုင်ပါတယ်။ အလားတူပင် အခြားသောဌာနဆိုင်ရာများမှာလည်း မိမိဒေသမှပညာတတ်လူငယ်များအား မိမိဒေသတွင် အလုပ်ခန့်ထားပါက အင်မတန်သင့်မြတ်ပြီးကောင်းမွန်တဲ့ အစီအစဉ်ဖြစ်

ပါကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားပိုမိုပြီးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း တင်ပြပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံဦးစီးဌာနသည် ဖွံ့ဖြိုးတိုးတက်မှုအားနည်းသော ရှမ်းပြည်နယ် မြောက်ပိုင်းဒေသ နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသမှ ဒေသခံလူငယ်များအတွက် အထူးကိစ္စရပ်အဖြစ် ကျိုင်းတုံမြို့ သားဖွားသင်တန်းကျောင်းအပတ်စဉ် (၁၀) သို့ တက်ရောက်ရန်စီစဉ်ပေးခဲ့ပါတယ်။ ထိုကျိုင်းတုံမြို့သားဖွားသင်တန်းကျောင်းသို့ ရှမ်းပြည်အရှေ့ပိုင်းဒေသမှ ဒေသခံလူငယ် ၄ ဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဒေသခံလူငယ် နောင်ချိုမြို့တစ်ဦး၊ သီပေါမြို့ တစ်ဦး၊ နမ္မတူမြို့ တစ်ဦး၊ တန့်ယန်းမြို့ တစ်ဦး၊ လားရှိုးမြို့ တစ်ဦး၊ သိန္နီမြို့ သုံးဦးစသည့် သင်တန်းသူ ၁၂ ဦးတို့ကို အပတ်စဉ်(၁၀) သားဖွားသင်တန်း တက်ရောက်ခဲ့၍ ၂၀၀၉ ခုနှစ်မှာ အောင်မြင်စွာ သင်တန်းတက်ရောက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှ သင်တန်းသူလေးဦးသည် ဝန်ထမ်းအလုပ်လျှောက်ထားရာတွင် အလုပ်ခန့်ထားပြီး နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်နေပါတယ်။ သို့ရာတွင် ရှမ်းပြည်နယ်မြောက်ပိုင်းမှ သင်တန်းသူ ရှစ်ဦးသည် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လိုပါသဖြင့် အလုပ်လျှောက်ထားပါသော် လည်း နိုင်ငံ့ဝန်ထမ်းခန့်အပ်ထားနိုင်ခြင်းမရှိခဲ့ပါ။ နိုင်ငံတော်အတွက် ပညာတတ်လူသားအရင်းအမြစ် ဆုံးရှုံးမှုဖြစ်နေရပါတယ်။ ဒေသခံတိုင်းရင်းသူများဖြစ်တဲ့ သူနာပြုသားဖွားသင်တန်းဆင်း ရှစ်ဦးသည် သားဖွားဆရာမအဖြစ်နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခွင့်ရရှိရေးအတွက် မျှော်လင့်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းမှာ (၁) အထူးကိစ္စရပ်အဖြစ် ၂၀၀၈ ခုနှစ် ကျိုင်းတုံ သူနာပြု သားဖွားသင်တန်းအပတ်စဉ် (၁၀) သို့ တက်ရောက်အောင်မြင်ခဲ့သော သားဖွားဆရာများသည် အစိုးရဝန်ထမ်းခန့်ထား အသိအမှတ်ပြုရန် အစီအစဉ်ရှိ၊ မရှိသိလိုပါတယ်။ (၂) ဒေသခံတိုင်းရင်းသားဝန်ထမ်းများအား မိမိဒေသတွင်တာဝန်ထမ်းဆောင်ခွင့်ရရှိရေးအတွက် ဦးစားပေးမည့် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်ရဲ့ မေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးသွားတဲ့ ကျိုင်းတုံမြို့ သားဖွား

သင်တန်းကျောင်း အပတ်စဉ် (၁၀)က ၂၀၀၈ ခုနှစ်မှာ တက်ပြီးတော့ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလမှာ အောင်မြင်သွားတဲ့ သားဖွားဆရာမများကို ကျွန်တော်တို့အနေနဲ့ ကျိုင်းတုံက သင်တန်းဆင်းများကို နေရာလစ်လပ်မှုရှိတဲ့အတွက် ကျွန်တော်တို့ခန့်ထားပေးပြီးဖြစ်ပါတယ်။ အခု ရှမ်းပြည်နယ်မြောက်ပိုင်းမှာ အဲဒီအချိန်တုန်းက နေရာလပ်မရှိတဲ့အတွက် ကျွန်တော်တို့ ခန့်ထားနိုင်ခြင်းမရှိပါဘူး။ အခု ရှမ်းပြည်နယ်မြောက်ပိုင်းမှာလည်း နေရာလပ်ပေါ်ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီ ၈ ဦးစလုံးကို လာမယ့် ၁ လအတွင်းမှာ ကျွန်တော်တို့ ခန့်ထားပေးဖို့ စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ နောက် ဒုတိယမေးခွန်းနဲ့ပတ်သက်လို့ကတော့ ခုနက ကိုယ်စားလှယ်တော်ကြီး အမိန့်ရှိသွားတဲ့အတိုင်းပဲ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဒေသကပဲ အောင်မြင်တဲ့ကလေးတွေကိုပဲ သူနာပြုသင်တန်းတက်ခွင့်ပြုတာဖြစ်ပါတယ်။ သားဖွားသင်တန်းတက်ခွင့်ပြုတာဖြစ်ပါတယ်။ ပြီးရင်လည်းပဲ သူတို့ရဲ့ဒေသမှာ လစ်လပ်မှုပေါ်မှာမူတည်ပြီးတော့ ဒီဒေသက ကလေးတွေကိုပဲ ကျွန်တော်တို့ခန့်ထားပေးနေတဲ့အတွက် ခုနက ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတဲ့မူနဲ့ပဲ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားတင်ပြရင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်ရှိ နယ်မြေ ၂ ခု၊ စခန်း ၆ ခု အတွက် တိုင်းတစ်ပါးသား လူဦးရေထိန်းချုပ်ရေးဆောင်ရွက်ရန် ဒေသန္တရအမိန့်ထုတ်ပြန် ပေးရန် အစီအစဉ်ရှိ၊ မရှိ စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို(စစ်တွေမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအား ဂါရဝပြုလျက် ကျန်းမာပါစေ။ ချမ်းသာကြပါစေ။ အန္တရာယ်ကင်းကြပါစေလို့ ကျွန်တော် မေတ္တာပို့ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုဖြစ်ပါတယ်။ ကလောင်ကတော့ ပန်းချီမင်းညိုပါ။ ရခိုင်ပြည်နယ် ဘင်္ဂလားပင်လယ်ရေပြင်နှင့် ဆက်စပ်တည်ရှိပြီး မြစ်ကြီးများ၊ ချောင်းများပေါများကာ ပင်လယ်ထွက်ပေါက်များသော ဒေသတစ်ခုဖြစ်ပါတယ်။ နိုင်ငံ၏ အနောက်ဘက်တစ်လျှောက် မိုင် ၂၅၀ ခန့် လူဦးရေသိပ်သည်းများပြားသော အိမ်နီးချင်းနိုင်ငံနှင့် ဆက်စပ်နေပါတယ်။ ဤသို့ ပထဝီအနေအထားများကြောင့် နယ်ချဲ့ကိုလိုနီစနစ်အောက်ကျရောက်စဉ် ဆိုးမွေအဖြစ်လည်းကောင်း၊ လွတ်လပ်ရေးရပြီးစ

နိုင်ငံမတည်ငြိမ် အခြေအနေများကြောင့်လည်းကောင်း၊ ယခင်ခေတ် နိုင်ငံရေးပါတီများ၏ တာဝန်မဲ့ လုပ်ရပ်များ ကြောင့်လည်းကောင်း၊ နယ်စပ်ဒေသဝန်ထမ်းအချို့၏ နိုင်ငံရေး၊ အမျိုးသားရေးခံယူချက် အားနည်းချက်များကြောင့်လည်းကောင်း ရခိုင်ပြည်နယ်အတွင်းသို့ နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်လာမှုများ စဉ်ဆက်မပြတ်ရှိနေပါတယ်။ ရခိုင်ပြည်နယ် လက်ရှိလူဦးရေကို လေ့လာကြည့်ရင် အထူးသဖြင့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်နှင့် စစ်တွေ၊ ပေါက်တောမြို့နယ်များတွင် တိုင်းရင်းသားမဟုတ်သော တိုင်းတစ်ပါးသားလူဦးရေမှာ ဒေသခံတိုင်းရင်းသားများ၏ လူဦးရေများကို ကျော်လွန်ပြီး စိုးမိုးနေပါတယ်။ ကျော်လွန်လွှမ်းမိုးနေတဲ့ လူဦးရေပြန့်ပွားမှုနှုန်းမှာ စိုးရိမ်စရာဖြစ်ပြီး မဖြစ်အပ်တဲ့ လုံးဝဖြစ်သွားနိုင်တဲ့အခြေအနေရှိပါတယ်။ ရခိုင်ပြည်နယ်တွင် မလိုလားအပ်သော တည်ငြိမ်အေးချမ်းမှုများကင်းမဲ့သည့် အခြေအနေများ ရင်ဆိုင်ရန်အခြေအနေရှိပါတယ်။ ဤသို့သော အခြေအနေများကြောင့် အနောက်ဘက်ဒေသဖြစ်သော ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စု တစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို မည်သို့သော အန္တရာယ်တစ်စုံတစ်ခုမျှ မကျရောက်စေရေးအတွက် အလွန်အလေးဂရုပြုရန် ကြိုးပမ်းဆောင်ရွက်ဖို့ လေးနက်စွာယုံကြည်ပါတယ်။ သတိမမူလို့ ဂူကိုမမြင်သတိမူမှ မြူကိုတောင်မြင်တဲ့သဘောပဲ။ တိုင်းရင်းသားမဟုတ်သော တိုင်းတစ်ပါးသားများ၏ လူဦးရေ ကိုကန့်သတ် ထိန်းချုပ်နိုင်ရေးအတွက် နယ်စပ်ဒေသ လူမှုစစ်ဆင်ရေး ကွပ်ကဲရေးဌာနချုပ်အောက် နယ်မြေ ၉ ခု၊ စခန်း ၂၆ ခု ဖွင့်လှစ်ပြီး ဒေသအမိန့်ထုတ်ပြန်ဆောင်ရွက်ခြင်းဖြင့် လူဦးရေကန့်သတ် ထိန်းချုပ်ခြင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ မေးခွန်းက ရခိုင်ပြည်နယ် တိုင်းတစ်ပါးသား လူဦးရေများကို ထိန်းချုပ်ရန်လိုအပ်သည့် စစ်တွေမြို့နယ် နှင့် ပေါက်တောမြို့နယ်တို့တွင် လူဦးရေထိန်းချုပ်ရေး ဆောင်ရွက်ရန် နယ်မြေ ၂ ခု၊ စခန်း ၆ ခု ထပ်မံ ဖွင့်လှစ်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့တွင် တိုင်းတစ်ပါးသားလူဦးရေထိန်းချုပ်ရေးဆောင်ရွက်ရန် ဒေသန္တရအမိန့်ထုတ်ပြန်ပေးရန် တင်ပြသော်လည်း ထုတ်ပြန်ပေးခြင်းမရှိသဖြင့် နယ်မြေ ၂ ခု၊ စခန်း ၆ ခုတွင် တိုင်းရင်းသားမဟုတ်သော လူဦးရေထိန်းချုပ်ရေးဆောင်ရွက်ရာတွင် အခက်အခဲများရှိနေ ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မလိုလားအပ်သော ပြဿနာများမ ပေါ်ပေါက်စေရေးအတွက် စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်ရှိ နယ်မြေ ၂ ခု၊ စခန်း ၆ ခုအတွက် ဒေသန္တရအမိန့်ထုတ်ပေးပါရန် အစီအစဉ် ရှိမရှိ မေးလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို မေးမြန်းထားတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိတဲ့အတွက် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ကိစ္စတွေ တရားဥပဒေစိုးမိုးရေးနှင့် တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီလူမျိုးများ တရားမဝင် ဝင်ထွက် နေမှုများကို ထိန်းချုပ်ကာကွယ်ဖို့အတွက်ကို နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ကို နယ်မြေ ၉ ခု၊ စခန်း ၂၆ ခုနဲ့ ကျွန်တော်တို့ ဖွင့်လှစ်ပြီးဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ထိန်းချုပ်ဆောင်ရွက်ခဲ့ပေမယ့်လည်း တစ်ဖက်နိုင်ငံမှာရှိတဲ့ ဘင်္ဂါလီလူမျိုးများဟာ ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ပြီးတော့ စစ်တွေမြို့အရှေ့ဘက်မှာရှိတဲ့ ဆင်တက်မော်မြစ်၊ ဖားကူးမြစ်နှင့် ကျွဲကူးမြစ်တို့မှတစ်ဆင့် ရေကြောင်းက ခိုးဝင်မှုများရှိလာတဲ့အတွက် စစ်တွေမြို့မှာ နယ်မြေရုံး ၁ ရုံးနဲ့ စခန်း ၂ ခု၊ ပေါက်တောမြို့နယ်မှာလည်း နယ်မြေရုံး ၁ ရုံးနှင့် စခန်း ၂ ခု၊ စုစုပေါင်း နယ်မြေရုံး ၂ ရုံးနှင့် စခန်း ၄ ခုကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မှာပဲ ထပ်မံဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို စခန်းများကို ဖွင့်လှစ်ဆောင်ရွက်ပြီး တရားမဝင် ဝင်ထွက်သွားလာမှုမှ ကာကွယ်ရေး၊ လူဦးရေထိန်းချုပ်ရေး တရားဥပဒေစိုးမိုးရေးဆောင်ရွက်နိုင်ဖို့ ကိစ္စရပ်များဆောင်ရွက်ရာမှာ ပိုမိုထိရောက်အောင်မြင်ဖို့အတွက်ကို သက်ဆိုင်ရာဌာနများမှ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်းပြီးတော့ နိုင်ငံရေးအမြင်၊ စီမံခန့်ခွဲရေးအမြင်များနှင့် ဥပဒေရေးရာရှုထောင့်များကနေပြီးတော့ အလေးအနက်စဉ်းစားဆုံးဖြတ်ရမယ့် ကိစ္စဖြစ်တဲ့အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ အခြေအနေအရပ်ရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် ရက်စွဲပါစာအမှတ်၊ ၀၂/၂-၁/အစိုးရ(ရခိုင်)နှင့်တင်ပြထားရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့လည်း ထပ်မံပြီးတော့ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ရဲ့ ဘင်္ဂါလီလူမျိုးများ တရားမဝင် ဝင်ထွက်မှုကာကွယ်တားဆီးရေးအတွက်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို သုံးသပ်

ဆောင်ရွက်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လိုအပ်တဲ့ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန် အတွက် ယခင်ထုတ်ပြန်ထားတဲ့ ဒေသန္တရအမိန့်များကို နမူနာရယူပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် ရက်စွဲပါစာအမှတ်၊ ၀၁/၁-၁/အစိုးရ(ရခိုင်)အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ထပ်မံတင်ပြထားရှိပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ မလိုလားအပ်တဲ့ ပြဿနာများမဖြစ်ပေါ်စေရေး တိုင်းတစ်ပါးများ လူဦးရေထိန်းချုပ်နိုင်ဖို့အတွက်ကို စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်မှာရှိတဲ့ နယ်မြေရုံး ၂ ရုံး၊ စခန်း ၄ ခုအတွက်ကို ဒေသန္တရ အမိန့်ထုတ်ပြန်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဆောင်ရွက်လျက်ရှိနေပါကြောင်း ပြန်လည်ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နိုင်ငံတော်တစ်ဝန်းရှိ အခြေအနေမဲ့ နေထိုင်သူများ၊ ကျူးကျော်နေထိုင်သူများ လျော့နည်းပပျောက်လာ စေရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ပြည်သူရဲ့လူနေမှုဘဝ တိုးတက်မြင့်မား ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ရည်ရွယ်ချက် ၄ ချက်နဲ့ ဒီမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ ယနေ့ ကျူးကျော်ဆိုပြီးတော့ နေထိုင်တဲ့ လုပ်သားပြည်သူများစွာရှိပါတယ်။ ကျွန်တော်တို့ ရွှေပြည်သာမြို့နယ်မှာတင် အိမ်ထောင်စုပေါင်း ၁၁၈၀ ဟာ ကျူးကျော်အိမ်တွေဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ကျူးကျော်တွေဟာ များစွာရှိမှာ ဖြစ်ပါတယ်။ ကျူးကျော်တွေဟာ အရင်အစိုးရလက်ထက်တုန်းကလည်း ကျူးကျော်ဆိုပြီး တော့ ရှိခဲ့ဖူးပါတယ်။ ကျူးကျော်တွေကို ပြန်ပြီးတော့ လေ့လာတဲ့အခါကျတော့ ရွှေပြည်သာ၊ လှိုင်သာယာဆိုလို့ရှိရင် ရန်ကုန်မြို့မှာ မီးလောင်ပြီးတော့ ရွှေ့ပြောင်းတဲ့ မိသားစုတွေရှိပါတယ်။ ယခင်တုန်းက အိုးပိုင်အိမ်ပိုင်နဲ့ နေခဲ့တယ်။ သူတို့ကို ရွှေပြည်သာ၊ လှိုင်သာယာတို့လိုမျိုး ဆင်ခြေဖုံးကို ရွှေ့တယ်။ စီးပွားရေးက မပြေလည်တဲ့အတွက်ကြောင့် သူတို့ပိုင်ဆိုင်တဲ့မြေကွက်တွေကို ပြန်လည် ရောင်းချရတယ်။ အဲ့ဒီအဆင့်ကနေ တဖြည်းဖြည်းနှင့် ကျူးကျော်ဘဝကိုရောက်ပါတယ်။ တချို့ကျတော့ နာဂစ်လို သဘာဝဘေးဒဏ်ဖြစ်တဲ့အချိန်မှာ စားဝတ်နေရေးအတွက် ရွှေ့ပြောင်းပြီးတော့ လုပ်ကိုင်

စားသောက်နေတဲ့ ကျူးကျော်ဘဝကို ရောက်ရှိခဲ့ကြောင်းတွေ့ရှိခဲ့ရပါတယ်။ ယနေ့ အရင်အစိုးရ လက်ထက်တုန်းကတော့ ဒီအခက်အခဲတွေ မရှိပါဘူး။ ဒီနေ့အချိန်မှာ ကျူးကျော်ရဲ့ ဘဝဟာ အများကြီးအခက်အခဲ ရှိပါတယ်။ တစ်ဖက်ကလည်း ပြီးခဲ့တဲ့လမှာ လှိုင်သာယာမှာ ဖြစ်ပွားတဲ့ အဖွဲ့အစည်းအချို့ရဲ့ တွန်းအားပေးမှုကြောင့် မြေနေရာတချို့မှာ အိမ်တွေဝင်ဆောက်တယ်။ အုပ်ချုပ်တဲ့အစိုးရအဖွဲ့နဲ့ အခြေအတင် ဖြစ်ကြတယ်။ အလားတူကျွန်တော်တို့ ရွှေပြည်သာမှာလည်း မြေကွက် အချို့ကို ချပေးမယ်ဆိုပြီးတော့ လျှောက်လွှာတွေရောင်းကြတယ်စသဖြင့် ဒါတွေဖြစ်လာတဲ့အခါမှာ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့်လည်း အခက်အခဲရှိပါတယ်။ အဓိကကတော့ ဒီကြားထဲမှာ သက်ရောက်မှု ကတော့ ကျူးကျော်တွေဟာ အများကြီးအခက်အခဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နောင်လာမယ့်ကာလမှာ ဒီလိုပြဿနာတွေ ဆက်လက်မဖြစ်ပွားဖို့အတွက် ခုနတင်ပြတဲ့ ကျူးကျော် တွေကို သတ်မှတ်တဲ့နေရာတွေချပေးမယ်ဆိုရင် အဆင်ပြေလာမှာ တွေ့ရပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ ရွှေပြည်သာမှာရှိတဲ့ ချောင်းဘေး၊ မြောင်းဘေးမှာရှိတဲ့ မြေကွက်လပ်တွေရှိပါတယ်။ ဒါတွေကိုလည်း မကြာခင်မှာ အကွက်တွေရိုက်ပြီးတော့ ပေးမယ်လို့လည်း သိရပါတယ်။ ဒါတွေဟာကောင်းတဲ့ အစီအမံတွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးလိုတဲ့မေးခွန်း ဟာ ယနေ့ဒီမိုကရေစီဖော်ဆောင်တဲ့အခါမှာ တစ်ဖက်က စိတ်ရှည်သည်းခံတဲ့ ရေချိန်အမြင့်ဆုံးထားဖို့ လိုသလို ပြည်သူဘက်ကလည်း ဥပဒေကို အပြည့်အဝလေးစားလိုက်နာဖို့လိုပါတယ်။ ဒါမှသာလျှင် နိုင်ငံတော်အစိုးရကလည်း ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အခြေအနေမဲ့နေထိုင်သူတွေ၊ ကျူးကျော်နေထိုင်သူများနှင့်ပတ်သက်ပြီးတော့ လျော့နည်းပပျောက်လာ အောင် နိုင်ငံတော်ကနေ ဆောင်ရွက်ပေးမယ့်အစီအမံနှင့်ပတ်သက်ပြီးတော့ သိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ကပဲ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အခြေအနေမဲ့နေထိုင်သူများနှင့် ကျူးကျော်နေထိုင်သူများ လျော့နည်း ပပျောက်စေရေးနှင့် ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ

မြို့ပြဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် အိမ်ရာများ၊ ကွက်သစ်များ၊ မြို့ကွက်သစ်များ၊ မြို့သစ်များ တည်ဆောက်နေရာချထားတဲ့ စီမံကိန်းအဆင့်နိမ့်ရပ်ကွက်နှင့်မြို့များကို အဆင့်မြှင့်တင်တဲ့စီမံကိန်း၊ မြို့ပြပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် ဆောင်ရွက်တဲ့နေရာမှာ တဲအိမ်မှနေ တိုက်အိမ်၊ တိုက်တာ အဆင့်မြင့်အိမ်ရာ ဆောက်လုပ်ခြင်းစနစ်များဖြင့် အိမ်ရာစီမံကိန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ အမျိုးသားစီမံကိန်းမှာ ဆောက်လုပ်မှုကဏ္ဍနှင့်ပတ်သက်ပြီးတော့ မူဝါဒများ ချမှတ်ထားပါတယ်။ ဒါတွေကတော့ နိုင်ငံတော်မှချမှတ်ထားသော မူဝါဒနှင့်အညီ ပြည်သူလူထုရဲ့ အိမ်ရာ လိုအပ်ချက်များအရ အိမ်ရာဖွံ့ဖြိုးရေးနည်းဗျူဟာများချမှတ်ပြီး ရန်ကုန်မြို့နှင့်မြို့ကြီးများမှာ အိမ်ရာစီမံကိန်းများစနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် တစ်နိုင်ငံလုံးအတိုင်းအတာ အနေဖြင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲပေးရန်ပဲ ဖြစ်ပါတယ်။ ရည်မှန်းချက်များကတော့ ပြည်သူလူထုရဲ့ နေထိုင်မှုအဆင့်အတန်း မြင့်မားတိုးတက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမယ့် အိမ်ရာစီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ၊ အထူးဖွံ့ဖြိုးရေး စီမံကိန်းများနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများကို ပင်မစီမံကိန်းများအဖြစ် စနစ်တကျရေးဆွဲ ဆောင်ရွက်သွားရန်နှင့် နိုင်ငံတစ်ဝန်းမြို့ကြီးများနှင့် မြို့များမှာ မြို့ပြလူဦးရေတိုးတက်လာတာနှင့်အမျှ လိုအပ်လာမယ့် အိမ်ရာနှင့်အညီ အိမ်ရာနှင့်အခြေခံအဆောက်အအုံများကို စနစ်တကျဖြည့်ဆည်း ပေးနိုင်မယ့် မြို့ပြဖွဲ့စည်းမှု၊ တည်ဆောက်မှုနှင့် မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။ လုပ်ငန်းဆိုင်ရာများအနေနဲ့ကတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက မြို့ပြစီမံကိန်းများ ရေးဆွဲရေးအတွက် တင်ပြလာပါက လိုအပ်သလိုကူညီဆောင်ရွက်ရန် ရန်ကုန်မြို့မှာ ကျူးကျော်အိမ်ခြေ တစ်သိန်းခန့်ရှိတဲ့အနက် ၂၀၁၂-၂၀၁၃ ခုနှစ်မှာ အိမ်ထောင်စုတစ်သောင်းကို သင့်တော်တဲ့အိမ်ရာ များမှာ ပြန်လည်နေရာချထားရေးစီမံဆောင်ရွက်ရန်အတွက်လည်း ထည့်သွင်းရေးဆွဲဆောင်ရွက် ခဲ့ပါတယ်။ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် စက်မှုဇုန်များဖော်ထုတ် တည်ဆောက်ပေးခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက နှစ်စဉ်ဒေသန္တရ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်းတို့အပြင် ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အခြေအနေမဲ့နေထိုင်သူများနဲ့ ကျူးကျော်နေထိုင်သူများ လျော့နည်းသွားစေရန် အစီအမံများချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများဟာ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြဿနာများဟာ လျော့နည်း သွားမှာ ဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်မှုရှိတဲ့ နိုင်ငံခြား

ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ၊ ထားဝယ်အထူးစီးပွားရေး ဇုန်ဥပဒေများကိုလည်း ပြဋ္ဌာန်းထားပြီး အကောင်အထည်ဖော်တဲ့လုပ်ငန်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းအသီးသီးကလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးဖြစ်တဲ့ လူမှုဖူလုံရေး ဥပဒေရဲ့ရည်ရွယ်ချက်မှာလည်း အလုပ်သမားများအား အလုပ်လက်မဲ့ အကျိုးခံစားခွင့်၊ အိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်များရရှိစေရန်အတွက်လည်း ရေးဆွဲထားပါတယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေရဲ့ ရည်ရွယ်ချက်မှာလည်း အခြေခံလူတန်းစားများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရန် အခြေခံလူတန်းစားရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေအနေများဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်စသည်ဖြင့်ဖော်ပြပြဋ္ဌာန်းထားတာကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကလည်း နိုင်ငံသားတိုင်းအတွက် သင့်လျော်ကောင်းမွန်တဲ့ အိမ်ရာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်နေထိုင်မှုပတ်ဝန်းကျင်ကို အစဉ်မြင့်တင်ရေးဆိုတဲ့ အမျိုးသားအိမ်ရာမူဝါဒများချမှတ်ပြီး အိမ်ရာဖွံ့ဖြိုးရေးရေရှည်လုပ်ငန်းအစီအမံများနှင့် ရွှေ့ပြောင်းအိမ်ရာစီမံကိန်းအစီအစဉ်များကို ချမှတ်ပြီး ယခုအခါမှာ စမ်းသပ်တန်ဖိုးနည်းအိမ်ရာစီမံကိန်း (Pilot Project) များဖြင့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များမှာ တန်ဖိုးနည်းအိမ်ရာများကို စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဆောင်ရွက်ဆဲဖြစ်သော သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအသီးသီးရဲ့ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်မှုများအရလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကဒေသအတွင်း ပြည်သူများရဲ့လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ဒေသန္တရစီမံကိန်းများ ချမှတ်ဆောင်ရွက်ချက်များအရလည်းကောင်း စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ၊ အထူးစီမံကိန်းများ ချမှတ်ဆောင်ရွက်ချက်များ အရလည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက မြို့ရွာဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ချက်များအရလည်းကောင်း၊ ပြည်သူများလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး နေထိုင်သူများရဲ့ ကျူးကျော်နေထိုင်သူများဟာ ပပျောက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်လို့ တင်ပြကြေညာခဲ့ပါတယ်။ သို့ရာတွင် အခုအချိန်အထိ ကြာသွားတဲ့အကြောင်းကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေက သက်ဆင်းလာတဲ့ နည်းဥပဒေဟာ နိုင်ငံတကာက စိတ်ဝင်စားသလို ကျွန်တော်တို့ နိုင်ငံသားများကလည်း စိတ်ဝင်စားတဲ့ အနေအထားမှာရှိပါတယ်။ ကျွန်တော်တို့လွှတ်တော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်သော နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသော ဥပဒေများပြုမယ်လို့ အကြိမ်ကြိမ်ကတိပေး သတိပေးဆောင်ရွက်လျက်ရှိပါတယ်။ ထိုနည်းတူစွာပဲ ပြည်ထောင်စုအစိုးရသည်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လက်တွေ့ကျကျ ဖော်ဆောင်ပေးဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလာမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မယ်ဆိုတာမှာ ဒီလိုလာတဲ့အခါမှာလည်း ကျွန်တော်တို့နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားဖြစ်ထွန်းဖို့ဆိုတဲ့ဟာလည်း ပါရှိပြီးသားဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ နိုင်ငံသားများအနေနဲ့၊ တိုင်းရင်းသားများအနေနဲ့ ပြီးခဲ့တဲ့ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေပေါ်မှာမူတည်ပြီးတော့ စိုးရိမ်မှုတွေ၊ ကြောင့်ကြမှုတွေရှိပါတယ်။ တစ်ခါ နည်းဥပဒေများထွက်လာတဲ့အခါကျတော့လည်း ဒီနည်းဥပဒေပေါ်မူတည်ပြီးတော့ စိုးရိမ်ကြောင့်ကြမှုတွေ အနေအထားပေါ်မူတည်ပြီးတော့ အကြိမ်ကြိမ်အခါခါ အချိန်ပေးပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ အဲ့ဒီလိုဆွေးနွေးတဲ့နေရာမှာ လွှတ်တော်

ကော်မတီများရော၊ လွှတ်တော်ကိုယ်စားလှယ်များရော၊ ဥပဒေကြမ်းကော်မတီအပြင် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဖွံ့ဖြိုးရေးကော်မတီ၊ စီးပွားရေးမြှင့်တင်မှုကော်မတီစတဲ့ ဒီကော်မတီများနှင့်လည်း ဆွေးနွေးပါတယ်။ အဲဒီအခါမှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ တာဝန်ခံများလည်း လာရောက်ဆွေးနွေးခဲ့ပါတယ်။ အဲဒီလိုဆွေးနွေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များဆီ တင်ပြထားတဲ့ ဇယားအတိုင်း အားလုံးအပေါ် တစ်ဦးဖြစ်ပါတယ်။ သိရသလောက်ဆိုရင် ဒီဇယားအားလုံးဟာ ညှိနှိုင်းပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီနှင့် တချို့ လွှတ်တော်ကိုယ်စားလှယ်တွေတင်ပြထားတဲ့ ကိစ္စဟာ ပြီးခဲ့တဲ့ ဆွေးနွေးပွဲမှာ ညှိနှိုင်းချက်မှာအားလုံးသဘောတူပြီး ဖြစ်ပါတယ်။ သို့ရာတွင် ဒီနေ့ ဒီလွှတ်တော်အစည်းအဝေး ဥပဒေပြုတဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ပြန်လည်ပြီးတော့ ဆွေးနွေးတင်ပြစရာတွေရှိတယ်ဆိုတာ သိရတဲ့အတွက် ကျွန်တော့်အခန်းထဲမှာပဲ အခုအချိန်အထိ ဆွေးနွေးပြီးတော့ အတည်ပြုနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များကို မလေးမစားလုပ်တာမဟုတ်ပါဘူး။ အဲဒီလိုညှိနှိုင်းနိုင်ခဲ့တဲ့အတွက်လည်း အခု လွှတ်တော်ထဲမှာ အခြေအတင်ပြောဆိုမယ့်အစား ပြောဆိုစရာမလိုတော့ဘဲနဲ့ မိနစ်ပိုင်းအတွင်း ပြီးသွားနိုင်တဲ့အနေအထားရှိပြီဖြစ်ပါတယ်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ အစီအစဉ် ၆ ကိုဆက်ပြီးတော့ ဆောင်ရွက်ပါမယ်။ ဒါကြောင့် ဥပဒေကြမ်း ကော်မတီက ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အဆိုပြုချက်နှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက တစ်ဆက်တစ်စပ်တည်း တင်ပြသွားပေးဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ နည်းဥပဒေ ၁၅၉၊ ၁၅၈ (င)အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကိုရွှေ့ပေးဖို့ ကျွန်တော် အဆိုတင်သွင်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးခွင့်ပြုရင် ကျွန်တော် အကျိုးအကြောင်းဖော်ပြချက် တင်ပြပါမယ်။ အင်မတန်အရေးကြီးတဲ့ ဥပဒေဆိုင်ရာ မူပြဿနာတွေပါနေလို့ပါ။ အခုပြင်ဆင်ထား တဲ့အချက် ၆၃ ချက်သည် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ (ခ) အရ ဒီနည်းဥပဒေဟာ မူလဥပဒေပြဋ္ဌာန်းချက်နှင့် ဘယ်ဟာ တွေညီညွတ်မှုရှိတယ်ဆိုတာ ကျိုးကြောင်းဖော်ပြထားခြင်းမရှိပါဘူး။ မူလဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်မှသာလျှင် ပြင်ဆင်နိုင်မယ်။ ပယ်ဖျက်နိုင်မယ်။ အခြေခံဥပဒေမှာကိုက ဖြည့်စွက်နိုင်တယ်

ဆိုတာမပါပါဘူး။ အဲဒီတော့ ကျွန်တော် ဒီမှာ မူလဥပဒေနှင့် ကွဲမကွဲ အချက် ၃ ချက်ထောက်ပြပါမယ်။ အမှတ်စဉ် ၄ မှာ ဝန်ကြီးဌာနက စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များကို ထည့်ထားပါတယ်။ ဥပဒေကြမ်း ကော်မတီက စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များဆိုတဲ့အပိုဒ်ကို ပယ်ဖျက်ခဲ့ပါတယ်။ အဲဒီတော့ မူလ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၄ (ဇ) နှင့် (ဈ) မှာ ဒီဟာနှင့်ပတ်သက်ပြီးတော့ ဥပဒေအရ၊ နည်းဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားသော နိုင်ငံသားများလုပ်ကိုင်နိုင်တဲ့ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းနှင့် နှစ်တို၊ နှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းများ၊ အဲဒီလိုပဲ မွေးမြူရေးလုပ်ငန်းတွေနဲ့ ပတ်သက် ပြီးတော့ မူလဥပဒေမှာပါပါတယ်။ နည်းဥပဒေကျတော့ အဲဒါကို ပယ်ဖျက်နိုင်ပါတယ်။ အဲဒီတော့ နည်းဥပဒေသည် မူလဥပဒေကို ပြင်နိုင်ပါသလား။ နိုင်ငံသားတွေအကျိုးအတွက် ကျွန်တော်တို့က ပြောကြရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်ပြီးတော့ အကျိုးစီးပွားရှိတဲ့ လူတစ်စုကနေ ဒီလိုဥပဒေပါပေးထားပြီးသားဟာကို နည်းဥပဒေမှာပြင်တယ်ဆိုတာ မလုပ်သင့်မလုပ်ထိုက်ပါဘူး။ နောက်ဒုတိယတစ်ချက် ကျွန်တော်ထောက်ပြပါမယ်။ အဲဒီတော့ မူလဥပဒေမှာ ဒီရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်ပြီးတော့ ပုဒ်မ ၁၀ မှာ နိုင်ငံခြားမတည်ငွေရင်းအချိုးကို နည်းဥပဒေပြဋ္ဌာန်းသည့် အဆို အတိုင်း အဆိုပြုနိုင်တယ်ဆိုပြီးတော့ ပုဒ်မ ၁၀ (က) ပုဒ်မ ၄ မှာ ပေးထားပါတယ်။ အခုတော့ ဒီပြင်ဆင်ချက်ဥပဒေ အမှတ်စဉ် ၇ မှာ သက်ဆိုင်ရာဝန်ကြီးဌာနက စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ၈၀ ရာခိုင်နှုန်းထက်မကျော်စေရ။ အဲဒါကို ဥပဒေကြမ်းကော်မတီက စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ၄၉ ရာခိုင်နှုန်းထက်မကျော်စေရ။ အဲဒီအချက်ကလည်း ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံလာအောင် လုပ်နေတဲ့အချိန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရဲ့ အခန်းကဏ္ဍကို မိမိတို့ အကျိုးစီးပွား ကျဉ်းကျဉ်းလေးနဲ့ ဟန့်တားတဲ့ပုံစံမျိုးဖြစ်တာအပြင် ဒါဥပဒေအရရော ပြင်နိုင်ပါသလား။ ဥပဒေနှင့်ကွဲသလား။ နောက် တတိယအချက် ဒီအခြေခံဥပဒေမှာကတည်းကိုက ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းကိုသာပေးထား ပါတယ်။ ဖြည့်စွက်ချက်မပေးထားပါဘူး။ အဲဒီတော့ ဖြည့်စွက်တဲ့အချက်များကလည်း တကယ်တမ်း သေသေချာချာလေ့လာကြည့်လိုက်တဲ့အခါကျတော့ အခြေခံဥပဒေမှာ ဖြည့်စွက်ခွင့်၊ ပြင်ဆင်ခွင့်၊ ပယ်ဖျက်ခွင့်၊ ဖြည့်စွက်ခွင့်ပါရင် ဖြည့်စွက်ပါ။ အဲဒီလိုပဲ လွှတ်တော်နည်းဥပဒေမှာ ပြင်ဆင်ဖို့၊ ပယ်ဖျက် ဖို့၊ ဖြည့်စွက်ဖို့ဆိုရင် ဖြည့်စွက်ပါ။ အခုတော့ ၅၉ တစ်ပိုဒ်ပဲ ပြောပါမယ်။ အသစ်ဖြည့်စွက်ထားတဲ့ အမှတ်စဉ် ၅၉ ကော်မရှင်သည် လုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သော အကြံပြုချက်များရယူရာတွင် သက်ဆိုင်ရာ လွှတ်တော်ကော်မတီ၊ ကော်မရှင်အဖွဲ့များအား ညှိနှိုင်းတိုင်ပင်အပ်သော ဝိသေသရှိသည့် အဖွဲ့အစည်းများအဖြစ် မှတ်ယူဆောင်ရွက်နိုင်သည်။ အဲဒီတော့ ကော်မရှင်၊ ကော်မတီဟာ လွှတ်တော်

က ပြည်ထောင်စုအဆင့်ပဲ။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေတို့၊ အမျိုးသားလွှတ်တော်ဥပဒေတို့မှာ လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်ပင်အပ်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်ဆိုတာ ပုဂ္ဂိုလ်အရ ပြည်ထောင်စုအဆင့်မဟုတ်လို့ ဒါထည့်ပြဋ္ဌာန်းထားပါတယ်။ ဒီမှာကျတော့ အခြေခံဥပဒေက မပေးထားတဲ့ ဖြည့်စွက်ခြင်းမှာ တစ်ခါ ထပ်ပြီးတော့ ဖြည့်စွက်တယ်ဆိုတာဟာ ဒါရှင်းရှင်းပြောရရင် လုပ်ပိုင်ခွင့်တွေကို ချဲ့ယူတဲ့သဘောသက်ရောက်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ လွှတ်တော်အတွက် နောင်အစဉ်အလာမကောင်းဖြစ်သွားပါလိမ့်မယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းပြည်အကျိုးအတွက် တင်ပြချင်တာက အခုနည်းဥပဒေ ၆၃ ခုရဲ့ ပြဋ္ဌာန်းချက်ဟာ တော်တော်များများသည် ဥပဒေပြဋ္ဌာန်းချက်နှင့်ကွဲလွဲကြောင်း ဖော်ပြပြီးမှသာ ပြင်ဆင်သင့်ပါတယ်။ နောက်ဒုတိယအချက်ကတော့ ဒီဟာကို အခု ဒီည ဥက္ကဋ္ဌကြီးရဲ့အခန်းမှာ တိုင်ပင်တဲ့ဟာကိုတော့ ကျွန်တော်ကြိုဆိုပါတယ်။ ဒီနေ့ ဥက္ကဋ္ဌကြီးက တပ်မတော် ကြည်း၊ ရေ၊ လေ ညှိနှိုင်းရေးမှူးအဆင့်ကနေ အခု နိုင်ငံတော်ညှိနှိုင်းရေးမှူးအထိ ဥက္ကဋ္ဌကြီးတာဝန်ထမ်းနေရတဲ့ အခန်းကဏ္ဍကိုလည်း အလေးအနက်အသိအမှတ်ပြုပါတယ်။ သို့သော် ဒီဥပဒေကို ကျွန်တော့် အမြင်ပြောရရင် ကျွန်တော်တို့နိုင်ငံနှင့်နိုင်ငံသားအတွက် အင်မတန်အရေးကြီးတဲ့အတွက် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ ဒီကိစ္စနှင့်ပတ်သက်ပြီး စိတ်ပါဝင်စားစွာ ပြောဆိုမယ့် ပုဂ္ဂိုလ်တွေပါ ပါဝင်ပြီးတော့ ဒီလွှတ်တော်သက်တမ်းမှာလည်း အချိန်ယူပြီးတော့ အခု ဆဋ္ဌမပုံမှန်အစည်းအဝေးမှာလည်း ပြန်လည်ညှိနှိုင်းဖို့လိုအပ်ပါတယ်။ တစ်ဖက်က ရက်ပေါင်း ၉၀ အတွင်းတင်လာတယ်။ အခု ဧပြီလ ၂ ရက်နေ့အထိ အချိန်ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ လွှတ်တော်ရက်ကလည်း မတ်လအထိရောက်သွားမှာပါ။ အဲဒါကြောင့် ဒီနေ့ ဥက္ကဋ္ဌကြီး အခန်းမှာ ညှိနှိုင်းရုံလောက်နဲ့မလုံလောက်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ အဲဒီတော့ ဝန်ကြီးဌာနရော အားလုံးပြန်ပြီးတော့ ပြန်လည်ညှိနှိုင်းဖို့လိုပါတယ်။ အရေးကြီးဆုံးဟာကတော့ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းကနေမကဖြည့်စွက်ခြင်းအထိ လုပ်လာတဲ့အတွက် ပြန်ပြီးတော့ လေးလေးနက်နက်ဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ဥပဒေ ခုနက ကျွန်တော်တင်ပြတဲ့ ၁၅၈ (င) အရ ဒီဟာကို ရက်ရွှေ့ပြီးတော့ဆောင်ရွက်ပေးဖို့ ဒီလွှတ်တော်သက်တမ်းမှာပဲ ပြီးပြတ်အောင်လည်းဆောင်ရွက်နိုင်ဖို့ကျယ်ကျယ်ပြန့်ပြန့်အမြင်များကို ပြန်ပြီးတော့ကြားနာဖို့လိုအပ်တဲ့အတွက် အခု နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကြမ်း ဆွေးနွေးခြင်းကို လွှတ်တော်က ရွှေ့ဆိုင်းပေးဖို့အဆို ကျွန်တော်

လေးလေးနက်နက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ လွှတ်တော်ကို လေးလေးစားစားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အခု သယ်ံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ဆွေးနွေးတာ အချက် ၂ ချက် အဓိကဖြစ်ပါတယ်။ (၁) ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြင်ဆင်ပေးထားတဲ့အခွင့်အရေး နည်းဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပဲပါတယ်။ အစားထိုးခြင်းမပါဘူးဆိုတာနဲ့ပတ်သက်လို့ ဥပဒေရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မှန်၊ မမှန် ပြန်သုံးသပ်ဖို့ လိုပါတယ်။ (၂) အချက်က ဒီဥပဒေဟာ အရေးကြီးတယ်။ ဒါကြောင့်မို့လို့ ရက်ရွှေ့ဆိုင်းပြီးတော့ ဆောင်ရွက်ဖို့သင့်တယ်ဆိုတဲ့ အဆိုပြုချက် ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီဥပဒေသည် အရေးကြီးတယ်။ ဥပဒေပြီးတဲ့အခါမှာ နည်းဥပဒေ ကို ပြဋ္ဌာန်းပေးနိုင်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်လိုသူများလာရောက်ဝင်သလို တစ်ဖက်ကလည်း ပြည်သူများစိုးရိမ်နေတာတွေရှိတယ်။ တိုင်းရင်းသားများ စိုးရိမ်နေတာရှိတယ်။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာတဲ့အခါမှာ တိုင်းရင်းသားများရဲ့ အခွင့်အရေး၊ နိုင်ငံသားများရဲ့ အခွင့်အရေးဆုံးရှုံးသွားမယ့်ကိစ္စလည်း အင်မတန်မှ စိုးရိမ်တယ်။ စိုးရိမ်တဲ့အတွက် ဒီအကြောင်းအရာ ၂ ခုကို ဆက်စပ်ပြီးတော့ ဒီဥပဒေကို ပြင်ဆင်အဆိုပြုချက် ဘယ်ရက်မှာတင်ပြပါဆိုတာ အချိန် လုံလောက်စွာပေးထားတယ်။ အဲဒီလိုပေးထားတဲ့နေရာမှာ ပြင်ဆင်အဆိုပြုချက်တင်လိုသူများ၊ ပြင်ဆင် တဲ့နေရာမှာ ခုနက ရှိတာကို ပြင်ဆင်တာလား။ သို့မဟုတ်လို့ရှိရင် ရှိတာတွေကနေ တချို့ပယ်ဖျက် လိုက်တာလား။ အစားထိုးလိုက်တာလားဆိုတာ ဥပဒေရေးရာကိစ္စ နှင့်ဆိုင်ပါတယ်။ ဒါကြောင့်မို့လို့ နံပါတ်(၁) ပြောတဲ့ ဥပဒေနဲ့မကိုက်ညီဘူးဆိုတဲ့ကိစ္စသည် ဦးသိန်းညွန့်ရဲ့အဆိုသာဖြစ်တယ်။ မိမိတို့ ဒါကို လောလောဆယ်လက်ခံနိုင်စရာအကြောင်းမရှိပါဘူး။ သက်ဆိုင်ရာပညာရှင်များကနေ ဆက်လက်ပြီးတော့ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒုတိယ အချက် ရွှေ့ဆိုင်းဖို့ဆိုတဲ့နေရာမှာ ဒီနေ့ ဆွေးနွေးရင်းနဲ့ ရွှေ့ဆိုင်းစရာများရှိတယ်ဆိုလို့ရှိရင် အဲဒီမှာတင်ပြပါ။ ဒီလိုအဆိုပြုရုံလေးနဲ့ လွှတ်တော် ဥက္ကဋ္ဌ ရွှေ့ဆိုင်းပေးမှာမဟုတ်ပါဘူး။ ဒါကြောင့် မို့လို့ ခုနက လွှတ်တော်ဥက္ကဋ္ဌ ပြောထားတဲ့အတိုင်း ဥပဒေကြမ်းကော်မတီက အကြိမ်ကြိမ် ဆွေးနွေးထားတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနပါတယ်။ ကော်မတီအသီးသီးကပါတယ်။ လွှတ်တော် ကိုယ်စားလှယ် တော်ပါတယ်။ အဲဒီလို အချိန်မျိုးမှာ နိုင်ငံတော်အတွက်၊ နိုင်ငံသားအတွက် အင်မတန်မှ အရေးကြီးတဲ့ဥပဒေဖြစ်တဲ့အတွက် စိတ်ဝင်စား တယ်ဆိုရင် ဦးသိန်းညွန့် သွားရောက်ဆွေးနွေးနိုင်ပါတယ်။ အားလုံးဆွေးနွေးပြီးကာမှ ဘာကြောင့်၊

ညာကြောင့်ဆိုတဲ့အကြောင်းပြချက်နှင့် မလုံလောက်ပါဘူး။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ဥပဒေကြမ်းကော်မတီက ဆက်လက်ဆွေးနွေးတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။(သြဘာသံများ)

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းအဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကော်မတီများနှင့် ကိုယ်စားလှယ်များက တင်ပြလာတဲ့ အချက်များကို ပြင်ဆင်ချက်အဆိုများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ နှင့် ၁၉၀ (ဃ)နှင့် အညီအတည်ပြုပေးနိုင်ပါရန် တင်ပြမည်ဖြစ်ပါတယ်ရှင်။ ပြည်ထောင်စုအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၁/၂၀၁၂) အရ ထုတ်ပြန်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ(က)ဖြင့် အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို ၃၀-၁-၂၀၁၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၃) ဖြင့်ထုတ်ပြန်ခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေတွင် အခန်းပေါင်း ၂၂ ခန်းနှင့် နည်းဥပဒေအပိုဒ်ပေါင်း ၁၈၁ ခုရှိပါတယ်။ ယင်းနည်းဥပဒေအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ စီးပွားရေးကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ၆-၂-၂၀၁၃ ရက်နေ့မှာတစ်ကြိမ်၊ ၁၃-၂-၂၀၁၃ ရက်နေ့မှာ တစ်ကြိမ်၊ ၁၄-၂-၂၀၁၃ ရက်နေ့မှာတစ်ကြိမ်နှင့် ၂၀-၂-၂၀၁၃ ရက်နေ့များမှာ လေ့လာစိစစ်ခဲ့ကြပါတယ်။ ထိုသို့လေ့လာစိစစ်ချက်အရ ပြင်ဆင်ချက်ပေါင်း ၄၆ ချက်ကို ရရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ယင်းနည်းဥပဒေများကို လေ့လာစိစစ်ရာတွင် ပိုမိုပြည့်စုံစေရန် နိုင်ငံတော်နှင့်နိုင်ငံသားများအား အကျိုးစီးပွားဖြစ်ထွန်းစေရန်နှင့် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်စေရန်ရည်ရွယ်လျက် ၂၁-၂-၂၀၁၃ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကို ထပ်မံကျင်းပခဲ့ပါတယ်။ ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များ၊ စီးပွားရေးကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့က ပြင်ဆင်ချက်အဆို

တင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များနှင့် စုံညီစွာတက်ရောက်ကြပြီးမှ ညှိနှိုင်းပြင်ဆင်ပြုစုခြင်းများကို ဆောင်ရွက်ခဲ့ကြပါတယ်။ ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် (က) မူရင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါပြဋ္ဌာန်းချက်များကို ကျော်လွန်ခြင်းမရှိစေရန်ပြင်ဆင်ခြင်း၊ (ခ) ဤနည်းဥပဒေပါ စကားရပ်အချို့ကို ဥပဒေရေးထုံး၊ မြန်မာသဒ္ဒါရေးထုံးတို့နှင့်အညီ ဖြစ်စေရန်ပြင်ဆင်ခြင်း၊ (ဂ) မူလဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၁၂ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များကို ဤနည်းဥပဒေ အထွေထွေအခန်းတွင် ပြင်ဆင် ဖြည့်စွက်ခြင်း၊ (ဃ) ယင်းနည်းဥပဒေသည် မူရင်းဥပဒေကို အသေးစိတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို မထိခိုက်စေရန်ပြင်ဆင်ခြင်းများဖြင့် စိစစ်ဆောင်ရွက်ခဲ့ကြရာ စုစုပေါင်းပြင်ဆင်ချက် ၆၃ ချက်ကို ရရှိခဲ့ပါတယ်။ ထိုသို့ပြင်ဆင်ရာတွင်လည်း အဓိကအားဖြင့် မူလဥပဒေကို ထိခိုက်ကျော်လွန်၍ လုပ်ဆောင်ခြင်းမရှိဘဲ မူလဥပဒေအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့မှ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ရန်သာ ပြင်ဆင်ခြင်းဖြစ်ပါကြောင်းကို အစီရင်ခံအပ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေအားပြင်ဆင်ချက်အဆိုတင်သွင်းရာတွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ အရ ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ချက်အဆို တင်သွင်းထားသူ ကိုယ်စားလှယ်များမှ အပိုဒ်၊ အပိုဒ်ခွဲများကို စာမျက်နှာအလိုက် တင်သွင်းသွားမည်ဖြစ်ပါတယ်ရှင်။ ဆက်လက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများနှင့်စပ်လျဉ်း၍ မူလပြဋ္ဌာန်းချက်နှင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ဇယား ၁၊ ၂၊ ၃၊ ၄ ကို ဆက်လက်တင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများနှင့်စပ်လျဉ်း၍ မူလပြဋ္ဌာန်းချက်နှင့် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန် တင်ပြချက်ဇယားမှာ အမှတ်စဉ် ၁ နိဒါန်းမှာ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၁)၊ ပုဒ်မ ၅၆ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။ နိဒါန်းတွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ကိုဖြည့်စွက်ရခြင်းမှာ မည်သည့်ဥပဒေကို ဆိုလိုကြောင်း ထင်ရှားစေလို၍ ပြင်ဆင်ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။

အမှတ်စဉ် ၂ အခန်း (၂) အပိုဒ် ၆ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက်မှာ ကော်မရှင်သည် နိုင်ငံတော်နှင့်နိုင်ငံသား အထူးသဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွား

အလို့ငှာ သတ်မှတ်သည့် လုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာနိုင်သည်။ အထူးသဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွား အလို့ငှာဟု ဖြည့်စွက်ရခြင်းမှာ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၂) သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများခေါင်းစဉ်အောက်ရှိ ပုဒ်မ ၅ ကိုရည်ညွှန်း၍ နည်းဥပဒေ ၆ ကိုထုတ်ပြန်သောကြောင့် မူရင်းဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီစေရန် ပြင်ဆင်ဖြည့်စွက်ရ ခြင်းဖြစ်ပါတယ်ရှင်။

အမှတ်စဉ် ၃ အပိုဒ် ၁၁ ကော်မရှင်သည် နည်းဥပဒေ ၇၊ ၈၊ ၉ နှင့် ၁၀ တို့အရ သတ်မှတ်သည့် လုပ်ငန်းများကို ပြင်ဆင်သတ်မှတ်လိုပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ပြင်ဆင်သတ်မှတ်နိုင်သည်။ အဆိုပါ ပြင်ဆင်ဖြည့်စွက်ရခြင်းမှာ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၆ ပါပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်ဖြည့်စွက်ခြင်းဖြစ်ပါတယ်ရှင်။ အမှတ်စဉ် ၄ အပိုဒ် ၁၂ ကော်မရှင်သည် နိုင်ငံတော်၏ နယ်နိမိတ်နှင့် အခြားနိုင်ငံများ နယ်နိမိတ်ထိစပ်လျက်ရှိသည့် နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်း စက်မှုဇုန်များ၊ ခရီးသွားလုပ်ငန်းဇုန်များ၊ ကုန်သွယ်ရေးဇုန်များအပါအဝင် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို စုစည်း၍ ဆောင်ရွက်မည့်ဇုန်များကို စီးပွားရေးဇုန်အဖြစ်သတ်မှတ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ နည်းဥပဒေပုဒ်မ ၁၂ သည် ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၂) ပုဒ်မ ၄ တွင်ပြဋ္ဌာန်းထားတဲ့ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများ (ဠ)ကို ရည်ညွှန်း၍ ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ အဆိုပါနည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသော စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များဖြုတ်ရခြင်းမှာ နိုင်ငံတော်၏နယ်နိမိတ်နှင့် အခြားနိုင်ငံများ၏ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်ကိုတည်ထောင်ခြင်းအားဖြင့် တစ်ဖက်နိုင်ငံနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သွားနိုင်ပါတယ်။ မူရင်းဥပဒေပုဒ်မ ၃၅ တွင် နိုင်ငံသားရင်းနှီးမြှုပ်နှံသူနှင့် ဖက်စပ်စနစ်ဆောင်ရွက်ရန်ခွင့်ပြုထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာမထိပါးနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးအရလည်းကောင်း ထည့်သွင်းခွင့်မပြုခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါကြောင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆို ၁၊ ၂၊ ၃ နှင့် ၄ ကိုအတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ သဘောထားပေးစရာမရှိပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့၊ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ ပြင်ဆင်အဆိုပြုချက် တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဥ်း၍ မူလပြဌာန်းချက်အမှတ်စဉ် ၅ အပိုဒ် ၁၄(ဂ)မှာ မူလအဆိုမှာ လုပ်ငန်းဆောင်ရွက်သည့်ကာလအပေါ်မူတည်ကာ၊ နေပြည်တော်ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားပါရှိပါတယ်။ ကျွန်မအနေနဲ့ ပြန်လည်ပြင်ဆင်ချင်တာကတော့ လုပ်ငန်းဆောင်ရွက်သည့်ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ သဘောထားဆိုပြီး ပြန်လည်ဖြည့်စွက်ပါက ပိုမိုပြီးအဓိပ္ပာယ်ပြည့်စုံပါတယ်လို့ ယူဆတဲ့အတွက်ကြောင့် အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ ကိုယ်စားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြင်ဆင်အဆိုပြုချက်ကို သဘောတူပါသလား။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်နန်းစေအွာရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီကိုယ်စား သက်ဆိုင်သူမှ တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီနည်းဥပဒေကို ၄ ကြိမ်ခန့် သက်ဆိုင်ရာလွှတ်တော် ကော်မတီများ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကော်မရှင်များ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်များရဲ့ အကြိမ်ကြိမ်ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ဇယားရဲ့ ပြည်သူ့လွှတ်တော်ရဲ့ အဆိုပြုချက်မှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒါကိုလည်း လွှတ်တော် ကိုယ်စားလှယ်အသီးသီးကို တင်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ အသေးစိတ်မတင်ပြတော့ဘဲ အခန်းအစဉ်နှင့်အပိုဒ်အလိုက် အတည်ပြုပေးနိုင်ပါရန် တင်ပြသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အသေးစိတ်။ အသေးစိတ်ဆိုတာ အခုစာထဲမှာပါတဲ့အတိုင်း ဖတ်ကြားတင်ပြ ပါ။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ စဉ် ၆ အခန်း(၃) အပိုဒ် ၁၉ မှာ မူလပြဋ္ဌာန်းချက်မှာရှိတဲ့ လုံလောက်သောအကြောင်းပြချက်ရှိပါက ဆိုတဲ့ဟာကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ခဲ့ပါတယ်။ အကြောင်းကတော့ ၎င်းအထက်မှာရှိတဲ့ အပိုဒ် ၁၈ မှာ ပြည့်စုံစွာဖော်ပြထားပြီး ဖြစ်တဲ့အတွက် လုံလောက်သောအကြောင်းပြချက်ကို ထည့်သွင်းရန် မလိုအပ်တဲ့အတွက် ပြင်ဆင်ခဲ့ခြင်း ဖြစ်ပါတယ်။ အမှတ်စဉ် ၇ အပိုဒ် ၂၀ မှာ ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်ကတော့ တားမြစ်ထားတဲ့လုပ်ငန်း၊ ကန့်သတ်ထားတဲ့လုပ်ငန်းတွေကို နိုင်ငံခြားမတည် ငွေရင်းအချိုးကို ရင်းနှီးမြှုပ်နှံမှု ၈၀ ရာခိုင်နှုန်း ဖော်ပြထားပါတယ်။ ကော်မတီက ၄၉ ရာခိုင်နှုန်းဖြင့် ကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။ အကြောင်းကတော့ ဘာလဲဆိုရင်တော့ ကန့်သတ်ထားတဲ့လုပ်ငန်း၊ တားမြစ်ထားတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ မူလမတားမြစ်တဲ့လုပ်ငန်းတွေကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကို အပြည့်အဝရာနှုန်းပြည့်ပေးထားပြီး ဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရရင် ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေး စပါးစိုက်တယ်ဆိုပါစို့။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအချိုးကို မူလ အတိုင်း ရှေ့ဆက်ကာ ကျွန်တော်တို့က ခွင့်ပြုလိုက်မယ်ဆိုရင် နိုင်ငံသားများဟာ နိုင်ငံခြားကဆန်ကို ဝယ်စားရမယ့်အဆင့်အထိ ရောက်သွားနိုင်တဲ့ အနေအထားဖြစ်တဲ့အတွက် နိုင်ငံတော်နှင့်နိုင်ငံသား များရဲ့ အကျိုးကို ရှေးရှုပြီးကော်မတီက နိုင်ငံခြားမတည်ရင်းနှီးငွေအချိုးကို စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၄၉ ရာခိုင်နှုန်းသာ မကျော်လွန်ရဆိုပြီးတော့ ပြင်ဆင်ထားခဲ့ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အစဉ် ၈ အခန်း(၄) အပိုဒ် ၂၂ မှာ မူလပြဋ္ဌာန်းချက်က ကော်မရှင်အဖွဲ့ဝင်များကို 'မ' ဂဏန်းအရေအတွက်သာဖြစ်ရမယ်လို့ ဖော်ပြထားပါတယ်။ သို့သော်

လည်းပဲ နည်းဥပဒေမှာ တိကျစွာဖော်ပြဖို့လိုအပ်တာဖြစ်တဲ့အတွက် ကော်မရှင်အဖွဲ့ဝင်ကို ၉ ဦးနှင့် အထက် ဆိုပြီးတော့ ပြင်ဆင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စဉ် ၉ အပိုဒ် ၂၆ မှာ ကော်မရှင်ရဲ့ အစည်းအဝေး ကျင်းပတဲ့အခါမှာ သဘာပတိအဖြစ်ရွေးချယ်ခြင်းနှင့်ပတ်သက်လို့ ဖော်ပြတဲ့အပိုဒ် ဖြစ်ပါတယ်။ ဒီမှာ မူလပြဋ္ဌာန်းချက်မှာ သဘာပတိဥက္ကဋ္ဌကို သဘာပတိအဖြစ် အဖွဲ့ဝင်တစ်ဦးဦးအထိ ပါရှိရမယ်။ ကော်မတီက အဖွဲ့ဝင် တစ်ဦးဦးကို ဖြုတ်ပြီးတော့ အတွင်းရေးမှူးအထိသာလျှင် ကျွန်တော်တို့က ဖော်ပြပြင်ဆင်ခဲ့ပါတယ်။ ဒါဟာလည်း မနေ့က ကျွန်တော်တို့ ဗဟိုဘဏ်ဥပဒေနှင့်ပတ်သက်လို့ ဒုတိယဥက္ကဋ္ဌသည် သဘာပတိ အဖြစ် သတ်မှတ်ခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေနှင့် ပတ်သက်လို့ အတွင်းရေးမှူး ဟာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အတွင်းရေးမှူးအထိ သဘာပတိအဖြစ်ဆောင်ရွက် ရမယ်လို့ ပြင်ဆင်ခဲ့ခြင်း ဖြစ်ပါတယ်။

အမှတ်စဉ် ၁၀ အပိုဒ် ၂၇ မှာ အစည်းအဝေးသို့ အဖွဲ့ဝင် ၅၀ ရာခိုင်နှုန်းနှင့်အထက် တက်လျှင် အထမြောက်သည်ဆိုတဲ့အချက်ကို ဥပဒေကြမ်းကော်မတီက အဖွဲ့ဝင်ဦးရေထက်ဝက်ကျော်တက် ရောက်လျှင် အစည်းအဝေးအထမြောက်သည်လို့ ပြင်ဆင်ခဲ့ပါတယ်။

အမှတ်စဉ် ၁၁ အပိုဒ် ၂၈ မှာ မူလပြဋ္ဌာန်းချက်ဖြစ်တဲ့ သဘောတူညီချက်ဖြင့်ဆိုတဲ့နေရာမှာ ဥပဒေကြမ်းကော်မတီက ထက်ဝက်ကျော်ဆိုတဲ့ပြင်ဆင်ချက်ပြုခဲ့ပြီးတော့ မူလပြဋ္ဌာန်းချက်မှာ အစည်းအဝေးတက်ရောက်သည့် ကော်မရှင်အဖွဲ့ဝင်များရဲ့ ဆုံးဖြတ်ချက်လို့ ဖော်ပြထားပါတယ်။ ဒါဘာလဲဆိုတော့ ရှေ့က အစည်းအဝေးတက်ရောက်တဲ့ကော်မရှင်အဖွဲ့ဝင်များကို ပြန်လည်ဖော်ပြ ထားတဲ့အတွက် စာပိုဒ်ဟာ ဖောင်းပွနေတဲ့အတွက် ရေးထုံးနှင့်အညီ ကျစ်လျစ်စေရန် ယင်းဆုံးဖြတ် ချက်ကို ပြင်ဆင်ခဲ့ပါတယ်။ ဒါကြောင့် အမှတ်စဉ် ၆ အပိုဒ် ၁၉ရဲ့ ပြင်ဆင်ချက်အားလည်းကောင်း၊ အမှတ်စဉ် ၇ အပိုဒ် ၂၀ ရဲ့ ပြင်ဆင်ချက်အားလည်းကောင်း၊ အမှတ်စဉ် ၈ အပိုဒ် ၂၂ ရဲ့ ပြင်ဆင်ချက် အားလည်းကောင်း၊ အမှတ်စဉ် ၉ အပိုဒ် ၂၆ရဲ့ ပြင်ဆင်ချက်အားလည်းကောင်း၊ အမှတ်စဉ် ၁၀ အပိုဒ် ၂၇ ရဲ့ ပြင်ဆင်ချက်အားလည်းကောင်း၊ အမှတ်စဉ် ၁၁ အပိုဒ် ၂၈ ရဲ့ ပြင်ဆင်ချက်များကို ဥပဒေရဲ့ အစိတ်အပိုင်းအဖြစ် အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ ကိုယ်စားလှယ် သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးကို သဘောတူလို့ရပါတယ်ခင်ဗျား။ ဒါပေမယ့် တစ်ခုလေးတော့ တင်ပြခွင့်ပြုပါခင်ဗျား။ အမှတ်စဉ် ၇ အပိုဒ် ၂၀ ဖြစ်ပါတယ်ခင်ဗျား။ အပိုဒ် ၂၀ ကတော့ ၄၉ ရာခိုင်နှုန်းကိုလည်း ဆွေးနွေးထားပြီးသားဖြစ်ပါတယ်။ အဲ့ဒါကို လက်မခံနိုင်စရာ အကြောင်းမရှိပါဘူး။ ဒါပေမယ့် တစ်ခုလေးထပ်မံပြီးတော့ တင်ပြချင်တာက Small Hold Farmers လေးတွေကို ကြည့်ရမှာ ဖြစ်ပါတယ်။ အကုန်လုံးက နိုင်ငံသားတွေအတွက် ကန့်သတ်တဲ့လုပ်ငန်း တွေမှာ ၄၉ ရာခိုင်နှုန်းပေးရမယ်။ ၄၉ ရာခိုင်နှုန်းထက် Foreign Investment ဟာ မပိုရဆိုတာလည်း ကန့်သတ်တဲ့ လုပ်ငန်းကိုမူတည်ပြီးတော့ သတ်မှတ်မယ်ဆိုရင်တော့ ပိုကောင်းပါတယ်ခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ကန့်သတ်တဲ့ပစ္စည်း နိုင်ငံတော်ဥစ္စာတွေလည်း ရှိပါတယ်။ ဒါပေမယ့် ကန့်သတ် တဲ့အခါမှာ ကန့်သတ်တဲ့ Deceree ပေါ့နော်။ ကန့်သတ်တဲ့လုပ်ငန်းတွေဟာလည်း အကုန်လုံး သိမ်းကြုံးပြီးတော့ ကန့်သတ်ပြီးတော့ ကန့်သတ်တဲ့လုပ်ငန်းတွေ အကုန်လုံးကို ၄၉ ရာခိုင်နှုန်းသာ လုပ်လိုက်မယ်ဆိုလို့ရှိရင် Small Hold Farmers တွေနဲ့ သူတို့အနေနဲ့ ၅၁ ရာခိုင်နှုန်းကို မထည့် နိုင်တဲ့အခါမှာ သူတို့က နိုင်ငံတော်ဖွံ့ဖြိုးတဲ့ Foreign Investment တွေလာတဲ့ Foreign Investment တွေနဲ့ ဖက်စပ်ပြုလုပ်ရမယ့်အခွင့်အလမ်းတွေ ဆုံးရှုံးသွားမှာကို ကျွန်တော်တို့ အနေနဲ့ စိုးရိမ်ပါတယ်ခင်ဗျား။ ဒါပေမယ့် အားလုံး ဥပဒေကြမ်းကော်မတီအနေနဲ့ ပြောတာကို လုံးဝနားလည် ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းရင်းသားတွေကို ကာကွယ်ချင်တဲ့သဘောရှိပါတယ်။ ကျွန်တော်တို့ ကလည်း တိုင်းရင်းသားတွေကို ကာကွယ်ချင်ပါတယ်။ ဒါပေမယ့် တိုင်းရင်းသားဆိုတဲ့နေရာမှာ Small Hold Farmers လေးတွေကို ပိုပြီးတော့ အဓိကကာကွယ်ပေးချင်ပါတယ်ခင်ဗျား။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အဆိုပြုချင်တာကတော့ ခုန ၄၉ ရာခိုင်နှုန်းကိုလည်း မပြောပါဘူး ခင်ဗျား။ ဒါပေမယ့်ဖြစ်နိုင်မယ်ဆိုလို့ရှိရင် နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့်ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေအချိုးသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၄၉ ရာခိုင်နှုန်းထက်မကျော်ရဆိုတဲ့အစားမှာ နည်းနည်းလေးထပ်ဖြည့်ပြီးတော့ နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေရင်းအချိုးသည် သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစား ပေါ်မူတည်၍ ၄၉ ရာခိုင်နှုန်း သို့မဟုတ် ၈၀ ရာခိုင်နှုန်းထက် မကျော်ရဆိုတဲ့ ဥစ္စာလေးများ ဖြည့်လိုက် မယ်ဆိုလို့ရှိရင် ပိုပြီးတော့ Facility ရသွားနိုင်မလားလို့ ကျွန်တော်တို့ တွေးမိပါတယ်ခင်ဗျား။ ပြီးတော့

၈၀ ရာခိုင်နှုန်းဆိုတာလည်း နိုင်ငံခြားသားကို ၈၀ ရာခိုင်နှုန်းအထိ ပေးလုပ်မယ်ဆိုတာကို လုံး၀ မဟုတ်ပါဘူး။ ၈၀ ရာခိုင်နှုန်းဆိုတာ Investment Ceiling တစ်ခုပဲ ဖြစ်ပါတယ်။ နိုင်ငံသားအနေနဲ့ ၂၀ ရာခိုင်နှုန်း လည်းပါနိုင်တယ်။ ၅၀ ရာခိုင်နှုန်းလည်းပါနိုင်တယ်။ ၉၀ ရာခိုင်နှုန်းလည်းပါနိုင်တယ်။ ၁၀၀ ရာခိုင်နှုန်းလည်း ပါနိုင်တာဖြစ်ပါတယ်။ ကျန်တဲ့ဥစ္စာတွေ အကုန်လုံးကိုတော့ သဘောထားမှတ်ချက်ပေးစရာမရှိပါဘူး။ အားလုံးကို သဘောတူပါတယ်ခင်ဗျား။ တကယ်လို့ ဖြစ်နိုင်မယ်ဆိုလို့ရှိရင် အဲလိုလေး ၄၉ ရာခိုင်နှုန်းသော်လည်းကောင်း၊ ၈၀ ရာခိုင်နှုန်းသော်လည်းကောင်း သတ်မှတ်ထားတဲ့ လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ဆိုတာလေးများ ဖြည့်စွက်နိုင်မယ်ဆိုလို့ရှိရင် ဖြည့်စွက်နိုင်ရန် အဆိုပြုအပ်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် စာမျက်နှာ ၂ အမှတ်စဉ် ၇ အပိုဒ် ၂၀ ကလွဲ၍ ပြည်ထောင်စုအစိုးရကိုယ်စားလှယ်က အားလုံးကို သဘောတူပါတယ်။ မှန်ပါသလား။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ မှန်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆၊ အမှတ်စဉ် ၈၊ အမှတ်စဉ် ၉၊ အမှတ်စဉ် ၁၀၊ အမှတ်စဉ် ၁၁ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အမှတ်စဉ် ၆၊ အမှတ်စဉ် ၈၊ အမှတ်စဉ် ၉၊ အမှတ်စဉ် ၁၀၊ အမှတ်စဉ် ၁၁ အားအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဆက်အောင်တင်ပြတဲ့ အမှတ်စဉ် ၇ နှင့်ပတ်သက်ပြီးတော့ ထမင်းစားတန်းဖြုတ်ပြီးတဲ့အချိန်မှာ သက်ဆိုင်ရာဥပဒေကြမ်းကော်မတီက ဆက်လက်ညှိနှိုင်းပါ။ ညှိနှိုင်းပြီးတဲ့ အခါမှာ ညှိနှိုင်းချက်ကို လွှတ်တော်မှာ ပြန်ပြီးတင်ပြပါ။ ထမင်းသုံးဆောင်ရန် မိနစ် ၄၀ ခန့် ခေတ္တရပ်နားပါတယ်။

**အချိန်၊ ၁၃း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို မိနစ် ၄၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၄း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၇ ချန်ထားပါ့မယ်။ ဥပဒေကြမ်းကော်မတီကိုယ်စား ဦးသောင်း၊ မော်လိုက်မဲဆန္ဒနယ်မှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးသောင်း( မော်လိုက်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဥပဒေကြမ်းကော်မတီဝင်တစ်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့ဥပဒေကြမ်းကော်မတီက အခန်း (၄) ပုဒ်မ ၃၀ အောက်မှာ ကျွန်တော်တို့ ထပ်ဆင့်ဖြည့်စွက်ဖို့ဆိုတဲ့ပြင်ဆင်ချက် ကျွန်တော်တို့ထည့်ထားပါတယ်။ အဲ့ဒီပြင်ဆင်ချက်ကို ကျွန်တော်အနေနဲ့တင်ပြပါမယ်။ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံသူများအပါအဝင် အများပြည်သူက အမြင်ရှင်းလင်းစေရန်အတွက် ထင်သာမြင်သာရှိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု တို့ပေါ်လွင်စေရန်နှင့် ရင်းနှီးမြှုပ်နှံသူများအကြား တရားမျှတသောယှဉ်ပြိုင်မှု အခွင့်အလမ်းများဖြစ်ပေါ်စေရန် လုပ်ကိုင်ဆောင်ရွက်ရမည်။ လက်ဝါးကြီးအုပ်ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်တားဆီးရမည်ဟု ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက အမှတ်စဉ် ၁၂ အခန်း ၄ အောက် ပုဒ်မ ၃၁ အောက်မှာကျွန်တော်တို့ ဖြည့်စွက်ဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မူလပြဋ္ဌာန်းချက်များက လက်ထဲမှာပေးထားပြီးသားဖြစ်တဲ့အတွက် ကျွန်တော်ပြင်ဆင်ချက် အပိုဒ်များကိုသာ ဖတ်ပြသွားမှာဖြစ်ပါတယ်။ အမှတ်စဉ် ၁၃ အခန်း (၅)၊ အပိုဒ် ၃၁ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ကော်မရှင်သို့ အဆိုပြုချက် တင်ပြရာတွင် အောက်ပါအချက်များပါဝင်သော အဆိုပြုချက်ပုံစံ ၁ ပါအတိုင်း ဖြည့်စွက်၍ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူကိုယ်တိုင် လက်မှတ်ရေးထိုးတင်ပြရမည်။ အမှတ်စဉ် ၁၄ အခန်း (၅) အပိုဒ် ၃၇ ပြည့်စုံသည့် အဆိုပြုချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် စိစစ်နိုင်ရေးအတွက်ကော်မရှင်သည် အောက်ပါဌာနများမှ ညွှန်ကြားရေးမှူးအဆင့် သို့မဟုတ် ယင်းနှင့်လစာနှုန်းတူရာထူးနှင့်အထက်ရှိသူများ ပါဝင်သည့် အဆိုပြုချက်စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးစိစစ်စေရမည်။ အမှတ်စဉ် ၁၅ အခန်း (၇)၊ အပိုဒ် ၄၇ (ဂ)

အပိုဒ်ခွဲ (င) အမျိုးသားဝင်ငွေနှင့် အခွန်တိုးတက်ရရှိစေနိုင်မည့်အခြေအနေ၊ အမှတ်စဉ် ၁၆ အခန်း (၇) ပုဒ်မ ၄၇ (ဃ) ပြင်ဆင်ချက်က နည်းပညာဆီလျော်မှုရှိ၊ မရှိ၊ တီထွင်စမ်းသစ်မှုရှိ၊ မရှိ၊ လွှဲပြောင်းနိုင်မှုရှိ၊ မရှိ ကျွမ်းကျင်သူများအား တာဝန်ပေးစိစစ်စေခြင်းဆိုတဲ့ ပြင်ဆင်ချက်။ ၃၁၊ ၃၇၊ ၄၈၊ ၄၇(ဃ) တို့ကိုပြင်ရခြင်းအကြောင်းရင်းကတော့ ကျွန်တော်တို့ဥပဒေမှာ လိုအပ်တဲ့အချက်အလက်များနဲ့ ပိုမိုတိကျရှင်းလင်းစေရန် ဖြည့်စွက်ပြင်ဆင်ခြင်းသာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ဖြည့်စွက်ချက်အသစ် အပိုဒ် ၃၇၊ ၄၇ (ဂ)၊ ၄၇(ဃ) တို့ကို ပြဋ္ဌာန်းသည့် ကျွန်တော်တို့ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတိုင်း ကျွန်တော်တို့ အတည်ပြုပေးပါရန် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ ကိုယ်စားလှယ်ကသဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ သဘောထားမှတ်ချက်ပေးစရာမရှိပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ပြည်ထောင်စုအစိုးရရဲ့ကိုယ်စားသဘောတူတယ်ဆိုတဲ့ နေရာမှာ ဦးသိန်းညွန့်စပြီးတော့ တင်ပြသွားတဲ့ ကိစ္စနဲ့ပတ်သက်လို့ ဦးသိန်းညွန့်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များသုံးသပ်နိုင်အောင် ကျွန်တော်ပြောပါမယ်။ လွှတ်တော်ကဥပဒေပြုတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဥပဒေပြုတဲ့နေရာမှာ မူလဥပဒေပြုပြီးလို့ရှိရင် နည်းဥပဒေများကိုလည်း လွှတ်တော်က ဆက်ပြီးတော့ပြုဖို့၊ ပြဋ္ဌာန်းဖို့ဆောင်ရွက်နိုင်ခွင့်ရှိပါတယ်။ သို့မဟုတ်လို့ရှိရင် ဒီဥပဒေကနေထွက်ပေါ်လာမယ့်နည်းဥပဒေကို ဆိုင်ရာအဖွဲ့အစည်းတစ်ခုကို တာဝန်ပေးပြီးတော့ ပြုခိုင်းလို့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၇ (ခ) ကြည့်ပါ။ ဒါ့ကြောင့်မို့လို့ ဒီနေ့သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းက ပြဋ္ဌာန်းလိုက်တဲ့၊ ပြုလိုက်တဲ့ နည်းဥပဒေများသည် လွှတ်တော်ရဲ့ တာဝန်ပေးချက်အရ ပြုလိုက်ရခြင်းဖြစ်ပါတယ်။ ဒီဥပဒေတွေဟာ မူလဥပဒေနဲ့ မှန်ကန်ညီညွတ်မှုရှိ၊ မရှိ၊ ပြီးလို့ရှိရင် နိုင်ငံနဲ့ နိုင်ငံသားများအကျိုး စီးပွားဖြစ်ထွန်းမှုရှိ၊ မရှိ၊ ကာကွယ်ခြင်း ရှိ၊ မရှိဆိုတာကို လွှတ်တော်က ပြန်စိစစ်ရမယ့်တာဝန်ဖြစ်ပါတယ်။ သို့ရာတွင် ဒီမှာတော့ လွှတ်တော်တွင်မကပဲနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အခုလိုထွက်ပေါ်လာတဲ့ နည်းဥပဒေများကို ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်သို့ တင်ပြနိုင်တယ်။ သဘောကတော့ ကျိုးကြောင်းလျော်ညီမှုမရှိဘူး။ ဥပဒေနဲ့ညီညွတ်မှုမရှိဘူး။ ရက်ပေါင်း ၉၀ အတွင်းဖြစ်ပါတယ်။ ရက်ပေါင်း ၉၀ ပြည့်မှ တင်ပြဖို့မဟုတ်ပါဘူး။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေက ဘယ်လိုလွှတ်တော်ကိုအခွင့်အရေးတွေ ပေးထားတယ်။

ဘယ်လိုတာဝန်ပေးထားတယ်ဆိုတာလည်း ပြန်လေ့လာဖို့လိုမှာဖြစ်ပါတယ်။ ဒီနေ့ မိမိတို့လွှတ်တော်က ဥပဒေပြုနေတဲ့နေရာမှာ နိုင်ငံသားနဲ့ နိုင်ငံတော်ရဲ့အကျိုးစီးပွားကိုပြုတဲ့နေရာမှာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဖို့ပြီးရင် ဒီနေ့ ဒီအကြောင်းအရာလေးရှင်းတာ အသစ်ပြဋ္ဌာန်းခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း ဆိုတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်လွှတ်တော်အစည်းအဝေးအစမှာလည်း လွှတ်တော်ကိုတင်ပြခဲ့ ပါတယ်။ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်းဆိုတဲ့ စကားတောင်မလိုပါဘူး။ ပြင်ဆင်တယ် ဆိုတာပါ၊ ပယ်ဖျက်တယ်ဆိုတာပါ။ ဒီလိုကျွန်တော် တင်ပြခဲ့ဖူးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ (ခ) အပိုဒ်မှာ ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်ဟုပြဋ္ဌာန်း ထားပါတယ်။ ယင်းကိစ္စမှ လွှတ်တော်ကပြဋ္ဌာန်းသည့်ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများသည် သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိရသည့်အချိန်တွင် ပယ်ဖျက်၊ ပြင်ဆင်၊ ပြဋ္ဌာန်းထားခြင်းသာဖြစ်ပါတယ်။ ပယ်ဖျက်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို တင်ပြရမယ်ဆိုရင် ပယ်ဖျက်ချက် တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို ရုပ်သိမ်းလိုက်ခြင်းသည် ပယ်ဖျက်လိုက်ခြင်း ဖြစ်ပါ တယ်။ ထပ်မံတင်ပြပါမယ်။ပယ်ဖျက်တယ်ဆိုတဲ့နေရာမှာ ပြဋ္ဌာန်းချက် တစ်ခုလုံးသို့မဟုတ် အစိတ်အပိုင်းတစ်ခုလုံးကို ရုပ်သိမ်းလိုက်ခြင်းမှာ ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ ပြင်ဆင်တယ်ဆိုတဲ့ နေရာမှာ မူလအနေအထားက အပြောင်းအလဲတစ်ခုခုလုပ်ပေးခြင်းပဲဖြစ်ပါတယ်။ ထိုစကားကို မူလ အနေအထားကို ပြင်ဆင်ခြင်း၊ ချဲ့ပေးခြင်း၊ ချုံ့ပေးခြင်းများပါဝင်ပါတယ်။ အစားထိုးခြင်းဆိုတဲ့နေရာမှာ သက်ဆိုင်ရာက ပြဋ္ဌာန်းသောနည်းဥပဒေသည် လွှတ်တော်မှ ပြဋ္ဌာန်းပေးသည့် ဥပဒေနှင့် ညီညွတ် နေသော်လည်း ပြည့်စုံမှုမရှိပါက လိုအပ်သလို ဖြည့်စွက်နိုင်ပါတယ်။ မဖြည့်စွက်နိုင်ဟု ဖွဲ့စည်းပုံ အခြေခံဥပဒေမှာလည်း ကန့်သတ်ထားတာမရှိပါဘူး။ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ နည်းဥပဒေပြု ပိုင်ခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ (က)က ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီးသို့ လွှဲအပ်လိုက လွှဲအပ်ပေးနိုင်တဲ့ အခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်မှာပေးထားပါတယ်။ ဒါ့ကြောင့် လွှတ်တော်မှာ ဥပဒေပြုတဲ့အခါမှာ ဥပဒေပြု တဲ့အဖွဲ့အစည်းအနေနဲ့ နိုင်ငံနဲ့ ပြည်သူအကျိုးအတွက် ကျယ်ပြန့်စွာစဉ်းစားသုံးသပ်ဆောင်ရွက်ကြရ မယ်။ ဆောင်ရွက်ခွင့်ရှိကြောင်းလည်း ကျွန်တော်တို့ အားလုံးနားလည်လက်ခံထားရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်းရှိ၊ မရှိကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက သာလျှင် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ ဒီလိုဖွင့်ဆိုနိုင်ဖို့အတွက်လည်း သတ်မှတ်ထားတဲ့ပုဂ္ဂိုလ်တွေ အနက်က လွှတ်တော်ဥက္ကဋ္ဌများသည်လည်း တိုက်ရိုက်မေးမြန်းပိုင်ခွင့်ရှိပါတယ်။ ယခုလို တင်ပြခွင့်

ရအောင် လွှတ်တော်ကို ရှင်းလင်းခွင့်ရအောင် ဦးသိန်းညွန့်ကလွှတ်တော်မှာ ကန့်ကွက်ကြောင်း အဆို တင်ပြလာတဲ့အတွက် ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ကိုယ်စားလှယ်များ အနေနဲ့ ပိုမိုသိရှိနိုင်ရေးအတွက် လွှတ်တော်ကို ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးသောင်းတင်ပြသွားတဲ့နေရာမှာ အမှတ်စဉ် ၁၂ က အသစ်ဖြည့်စွက်ခြင်းဆိုတဲ့ အပိုဒ်ပါတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှုမရှိဘူးဆိုထပြီးတော့ ကန့်ကွက်လို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ ဂုဏ်သိက္ခာကျဆင်းမှုမဖြစ်အောင် ကြိုတင်ရှင်းလင်းပြခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို အစိုးရအဖွဲ့ကသဘောတူပြီးပြီ။ လွှတ်တော်ကကန့်ကွက်လိုသူရှိက ကန့်ကွက်ပါ။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီက တာဝန်ပေးထားသူက ဆက်လက်တင်ပြပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားသော ကန့်လန့်ဖြတ်ဇယားပါ အမှတ်စဉ် ၁၇ နည်းဥပဒေ အခန်း (၉) နည်းဥပဒေ ၅၂ ပါ ကမကထပြုသူ၊ ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း နည်းဥပဒေ ၁၂၁ ပါ အခြေအနေတစ်ရပ်ရပ်ကိုကြုံတွေ့လျှင် စတင်တွေ့ရှိချိန်မှ ၂၄ နာရီအတွင်း အမြန်ဆုံးဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ခုခုဖြင့် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကော်မရှင်သို့ သတင်းပေးပို့ အစီရင်ခံရမည်။ အမှတ်စဉ် ၁၈ အသစ်ဖြည့်စွက်ခြင်း နည်းဥပဒေ အပိုဒ် ၅၆ ဖြင့်ကော်မရှင်သည် အောက်ပါကိစ္စ ရပ်များအတွက် လျှောက်ထားအကြောင်းကြားလာပါက အမိန့်ကြော်ငြာစာ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၁၅ ရက်အတွင်းပြင်ဆင်ခွင့်ပြုနိုင်သည်။ (က)မူလအဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအားတိုးချဲ့ခြင်း သို့မဟုတ် နိုင်ငံခြားမတည်ငွေရင်းတိုးမြှင့်ခြင်းများအား ကော်မရှင်၏ခွင့်ပြုချက်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ခြင်း။ (ခ) တည်ဆဲဥပဒေနှင့်အညီ မိမိရထိုက်ခွင့်ရှိသော အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် ပြန်လည်စိစစ်သုံးသပ်၍ ပြင်ဆင်ပေးရေးအတွက် ကော်မရှင်သို့တင်ပြခြင်း။ (ဂ)တည်ဆဲဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ရရှိရေးအတွက်လည်းကောင်း၊ နစ်နာချက်များနှင့် စပ်လျဉ်း၍ အရေးယူပေးရေးအတွက်လည်းကောင်း၊ ကော်မရှင်သို့ တင်ပြလျှောက်ထားခြင်း။

အမှတ်စဉ် ၁၉ အခန်း (၁၁)နည်းဥပဒေ ၆၄ ကော်မရှင်ရုံးသည် စိစစ်တွေ့ရှိချက်အရ ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်းနှင့်စပ်လျဉ်း၍ အနီးကပ်ဆုံး ကျင်းပသည့် ကော်မရှင်အစည်းအဝေးသို့တင်ပြပြီး ကော်မတီ၏ဆုံးဖြတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ အမှတ်စဉ် ၂၀ နည်းဥပဒေ ၆၇ ကော်မရှင်ရုံးသည် စိစစ် တွေ့ရှိချက်အရ အစုရှယ်ယာအားလုံး လွှဲပြောင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ အနီးကပ်ဆုံးကျင်းပမည့် ကော်မရှင်အစည်းအဝေးသို့တင်ပြ၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်ဟု ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ မူလဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ရေးထုံးများအရရှင်းလင်းစေရန်လည်းကောင်း ပြင်ဆင်ရခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နည်းဥပဒေ အပိုဒ် ၅၂၊ ၅၆၊ ၆၄၊ ၆၇ တို့အားလွှတ်တော်မှ အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစိုးရအဖွဲ့ရဲ့သဘောထားကိုပြောပါ။

**ဒေါက်တာဆက်အောင်(ဒုတိယဝန်ကြီး၊အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ သဘောထားမှတ်ချက်ပေးစရာမရှိပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာလည်း လွှတ်တော်ကို ရှင်းလင်းဖို့ တစ်ခုလိုအပ်လာပါတယ်။ ပြီးခဲ့တဲ့ခေတ္တတန်းဖြုတ်တဲ့အချိန်မှာ မိနစ် ၂၀ လို့ ဆိုသော်လည်း ၁ နာရီကျော်ကြာ ကြာသွားပါတယ်။ ကြာသွားတဲ့အချိန်မှာ ကျွန်တော်တင်ပြလိုတဲ့ သက်ဆိုင်ရာကော်မတီနဲ့ သက်ဆိုင်ရာအဆိုပြုထားသူများနှင့် ပြည်ထောင်စုအစိုးရကိုယ်စားလှယ် ၁ ဦး သို့ရာတွင် ၂ ဦးပါ။ သူတို့နှင့် ကျွန်တော်တို့ ညှိနှိုင်းပါတယ်။ ဆွေးနွေးပါတယ်။ ဘာကြောင့်လဲဆိုတဲ့အခါမှာ လွှတ်တော်ထဲရောက်မယ်ဆိုလို့ရှိရင် တစ်ယောက်နှင့်တစ်ယောက် အငြင်းတွေပွား အငြင်းအခုန်တွေဖြစ်၊ မဖြစ်သင့်မဖြစ်ထိုက်တဲ့ကိစ္စ၊ မပြောသင့် မပြောထိုက်တဲ့ကိစ္စပါမယ်ဆိုရင် တစ်ဖက်နှင့်တစ်ဖက် နစ်နာမှုတွေ ဂုဏ်သိက္ခာထိခိုက်မှုတွေရှိနိုင်တဲ့အတွက် ဥပဒေကြမ်းကော်မတီကနေတင်ပြထားတဲ့ ပြင်ဆင်အဆိုပြုချက်တွေနဲ့အတူ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ပြီးတော့ ရှင်းလင်းညှိနှိုင်းအောင် ရည်ရွယ်ချက်နှင့် ခေါ်ပါတယ်။ ဒီတစ်ကြိမ်မဟုတ်ပါဘူး။ အခါတိုင်းလည်း ကျွန်တော်ဒီလိုပဲဆောင်ရွက်ပါတယ်။ ဒီအချိန်မှာ ဒီလိုဘာလို့ဆောင်ရွက်ရသလဲဆိုတော့ မနက်က ဥပဒေကြမ်းကော်မတီက ဒါနဲ့ပတ်သက်ပြီးတော့

အကြိမ်ကြိမ်ဆွေးနွေးပြီးပြီ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်၊ အဆိုပြုချက်တွေကိုလည်း ဝန်ကြီး ဌာနလက်ခံပြီးပါပြီ။ ဒီလိုကျွန်တော်တင်ပြတဲ့အခါမှာ ကောင်းပြီပြောပြီးတော့ လွှတ်တော်အစည်းအဝေး တက်ဖို့ အခန်းကထွက်တဲ့အချိန်မှာ ဦးဆက်အောင် ဒုတိယဝန်ကြီးက ခွင့်တောင်းပါတယ်။ ကျွန်တော် နှင့်အတူ ညွှန်ကြားရေးမှူးချုပ် တစ်ပါတည်း လွှတ်တော်ထဲတက်ပါရစေဆိုတဲ့အခါမှာ ကျွန်တော် ခွင့်ပြု လိုက်ပါတယ်။ အမှန်ကတော့ ဒီလွှတ်တော်အစည်းအဝေးကို ပြည်ထောင်စုဝန်ကြီး သို့မဟုတ်လို့ရှိရင် ဒုတိယဝန်ကြီးပဲ လွှတ်တော်အစည်းအဝေးတက်ပြီးတော့ အဆိုပြုချက်များပြန်လည်ဆွေးနွေးဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်ကမေးပါတယ်။ ဘာလုပ်ဖို့လဲဆိုတဲ့အခါမှာ ကျွန်တော်ကို အထောက်အကူ ပြုနိုင်အောင်လို့တဲ့ ကျွန်တော်ခွင့်ပြုလိုက်ပါတယ်။ ခွင့်ပြုလိုက်တာနဲ့အတူပဲ ဒီဆွေးနွေးချက်တွေ အပေါ်မှာ ပြန်ပြီးတော့ ဒုတိယဝန်ကြီးသည် ပြန်ပြီးတော့ ဆွေးနွေးနိုင်တယ်။ သို့မဟုတ်လို့ရှိရင် ငြင်းချက်ထုတ်နိုင်တယ်။ အဲဒီလိုငြင်းချက်ထုတ်လို့ရှိရင် လွှတ်တော်ထဲမှာ မဖွယ်မရာတွေဖြစ်နိုင်တယ်။ ဒီလို ကျွန်တော်တစ်ခါတွေးမိပါတယ်။ နောက်ပြီး မေးခွန်းတွေမေးတယ်။ ဖြေတယ်ဆိုတယ်နေရာမှာ လည်း ဒုတိယဝန်ကြီး အင်မတန်အလုပ်ရှုပ်နေပါတယ်။ ပါလာတဲ့ ကွန်ပျူတာ ကြည့်လိုက် စာအုပ်တွေ ကြည့်လိုက် နောက် ဦးအောင်နိုင်ကိုကြည့်လိုက် ကြည့်လိုက်ပြီးတဲ့အခါမှာ အချင်းချင်း တိုင်ပင်ချင်တဲ့ အတွက် ဒီနေ့တင်ပြထားတဲ့အဆိုပြုချက်တွေနဲ့ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီးတို့ဘက်က ပြည်ထောင်စုအစိုးရဘက်က ပြောစရာတွေရှိနိုင်တယ်။ ပြောစရာတွေရှိနိုင်တာကို လွှတ်တော် ခုနက အစည်းအဝေးရပ်နားချိန်မှာ သူတို့ပြောချင်တဲ့ဆန္ဒရှိလို့ ပြောခွင့်ရစေချင်တယ်။ ပြောတဲ့အခါမှာလည်း ဥပဒေကြမ်းကော်မတီအနေနဲ့ နားထောင်စေချင်တယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ ဒိုင်လုပ်ပြီးတော့ နှစ်ဖက်မျှမျှတတဖြစ်အောင် ဆုံးဖြတ်ပေးစေလိုတဲ့စေတနာနဲ့ ကျွန်တော်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ သဘောကဘာလဲ။ မျှမျှတတ မှန်မှန်ကန်ကန်ဖြစ်စေချင်တယ်။ သာမန်အားဖြင့်တော့ ဒီအခန်းထဲမှာ ခုနကပြောတဲ့ ပုဂ္ဂိုလ်ပဲလက်ခံမယ်။ သို့ရာတွင် လွှတ်တော်ဥက္ကဋ္ဌ ခွင့်ပြုလက်ခံပေးခဲ့တယ်လို့ပဲ ပြည်ထောင်စုအစိုးရဘက်က ပြန်လည်ပြောကြားတဲ့ဟာလည်း ကျွန်တော် ဥပဒေကြမ်းကော်မတီလည်း ကြားစေလိုပါတယ်။ ကျွန်တော်လည်း သိစေချင်တယ်။ ဒါမှ မှန်မှန်ကန်ကန်ဖြစ်သွားတယ်။ အဲဒီ အတိုင်းပဲ ဒီနေ့ အပိုပါလာတဲ့ ဒေါ်တင်နွယ်ဦးပေါ့။ အခုတော့ မတွေ့ဘူး။ သူလည်း ခုနက ဥပဒေကြမ်း ကော်မတီကို တင်ပြထားတယ်။ ဒါပေမယ့် သူဟာမပါဘူးလို့ပြောတယ်။ ဒါပေမယ့်လို့ သူတင်ပြတယ် ဆိုတာလည်း ဥပဒေနည်းလမ်းနှင့်လွဲနေတယ်။ သို့ရာတွင် ကျွန်တော်ဘက်က ဒါကိုလက်ခံလိုက်ပါ။ အားလုံးနားထောင်လိုက်ပါ။ ပြီးတဲ့အခါမှာ စဉ်းစားပါလို့ ကျွန်တော်ပြောပါတယ်။ ကျွန်တော်အားလုံး

စဉ်းစားဆုံးဖြတ်ပြီးပြီ။ ပြီးတဲ့အခါမှာ ဒီနေ့ပေါ်ထွက်လာတာကတော့ နောက်ဆုံး ဒီဘက်က အစိုးရအဖွဲ့ကနေပြီးတော့ လိုအပ်တဲ့ပြင်ဆင်အဆိုပြုဖို့ အခက်အခဲဖြစ်နေတဲ့အကြားမှာ ဒီလိုဆိုရင် ဒီစကားလေးထည့်ပြီးတော့ ပြင်ဆင်အဆိုပြုချက်တင်လိုက်မယ်ဆိုရင် နှစ်ဖက်လုံးအတွက် အဆင်ပြေမယ်လို့ ဒီလိုအကြံပေးလိုက်ပါတယ်။ ဒါကို နှစ်ဖက်လုံးက လက်ခံသွားပါတယ်။ အဲဒါပြီးတဲ့အခါမှာ ဒေါ်တင်နွယ်ဦးပြောတဲ့ အဆိုပြုချက်ကို ကျွန်တော်တို့ ဆွေးနွေးလက်ခံပြီးနောက်ပိုင်းကျတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက သူတို့ပြောတာမှန်ပါတယ်။ ဥပဒေနှင့်အညီလုပ်ခဲ့တဲ့ သူတွေကျတဲ့အခါကျတော့ ဥက္ကဋ္ဌကြီးက ဒီဘက်ကမရှိဘူး။ အခုမှ လာပြီးတော့ ကြားပေါက်ပြောတဲ့ဘက်ကျတော့ ဥက္ကဋ္ဌကြီးကရှိတယ်ဆိုပြီးတော့ ဒီလိုထင်တဲ့သဘောမျိုးရှိလို့ တစ်ဖက်ကလည်း ကျွန်တော်အပေါ် နည်းနည်းစိတ်ဆိုးတဲ့သဘောလည်းရှိနိုင်ပါတယ်။ ဒါနဲ့ ကျွန်တော်က ပြန်ခေါ်ပါတယ်။ ခေါ်ပြီးတဲ့အခါမှာ ခဏလေးလာပါ။ ဒါနဲ့ပတ်သက်လို့ အခွင့်အရေးပေးလိုက်ပါ။ ကျွန်တော်တောင် စိတ်ရှည်သေးတာပဲ သည်းခံသေးတာ၊ အရေးကြီးတာ ကောင်းသွားဖို့လိုပါတယ်။ ကျွန်တော် တစ်ဖက်ကို ဒီလိုပြောပါတယ်။ တကယ်တမ်းကျတော့ ဥပဒေနှင့်အညီ လုပ်တဲ့လူတွေရဲ့အလုပ်ကို ဥပဒေမညီဘူး။ သို့မဟုတ်လို့ရှိရင် လွဲမှားပြီးလုပ်တဲ့ဟာကို ခွင့်ပြုလိုက်ခြင်းသည် ကျွန်တော်မှာလည်း ပြောမယ်ဆိုရင် ဥပဒေနှင့်အညီလုပ်တဲ့လူတွေကို အခွင့်အရေးမပေးသလို ဖြစ်တဲ့သဘောလည်းဖြစ်ပါတယ်။ ဒီအတွက်လည်း လွှတ်တော်မှာသိအောင် ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီလိုပြောရလဲဆိုတဲ့အခါမှာ အဆင်ပြေချင်ပါတယ်။ နှစ်ဖက်အဆင်ပြေစေချင်ပါတယ်။ နှစ်ဖက်လည်းအကျိုးရှိစေချင်ပါတယ်။ အဲဒီအတွက်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက လွှတ်တော်ပြင်ပမှာ တစ်ချိန်တုန်းကတော့ ဗိုလ်ချုပ်ကြီး တပ်မတော်ညှို့နှိုင်းကွပ်ကဲရေးမှူး အခုကျတော့ နိုင်ငံတော် ညှို့နှိုင်းကွပ်ကဲရေးမှူး ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကန့်ကွက်ပါတယ်ဆိုတဲ့အကြောင်းက ခုနကဲ့သို့ဖြစ်တယ်ဆိုတာကိုလည်း တင်ပြသူရော၊ ကျန်တဲ့ပုဂ္ဂိုလ်များရောသိရှိသွားအောင် တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် လွှတ်တော်အစည်းအဝေးတက်တဲ့အခါမှာလည်း မိနစ် ၂၀ ဆိုပေမယ့် အချိန်တွေကြာသွားတာ ကျွန်တော့်ကိုနားလည်ပေးပါဆိုတာလည်း ကျွန်တော်ပြောပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းပြန်စပါမယ်။ ဒီလိုပြောခွင့်ရတဲ့အတွက်လည်း ဦးသိန်းညွန့်ကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ ဒေါက်တာစိုးမိုးအောင်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်ခင်ဌေးကြွယ် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂၁ အခန်း (၁၁) အပိုဒ် ၇၄ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ပြင်ဆင်ချက်မှာ ကော်မရှင်ရုံးသည်စိစစ်တွေ့ရှိချက်အရ အစုရှယ်ယာအချိုးလွှဲပြောင်း ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အနီးကပ်ဆုံးကျင်းပမည့် ကော်မရှင် အစည်းအဝေးသို့တင်ပြ၍ ကော်မရှင်၏ဆုံးဖြတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အမှတ်စဉ် ၂၂ အခန်း(၁၂) အပိုဒ် ၇၈ နည်းဥပဒေ ၇၇ ပါအာမခံ အမျိုးအစားများ အပါအဝင် လုပ်ငန်းအမျိုးအစားများအလိုက် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ကြေညာချက်နှင့် လုပ်ထုံးလုပ်နည်းများအရသတ်မှတ်ထားသည့် အခြားအာမခံများကိုလည်း အာမခံထားရှိရမည်။ အမှတ်စဉ် ၂၃ အခန်း(၁၃) အပိုဒ် ၈၀ ရင်းနှီးမြှုပ်နှံ သူသည်လုပ်ငန်းကို စီးပွားဖြစ်စတင်လည်ပတ်ဆောင်ရွက်ချိန်တွင် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများ အတွက် နိုင်ငံသားကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၁၁) ပုဒ်မ ၂၄ နှင့်အညီ ခန့်ထားရမည်။ ယင်းသို့ခန့်ထားရာတွင် သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအရ ထုတ်ပြန်သတ်မှတ်သည့် အနိမ့်ဆုံးလုပ်ခနှုန်းထား အောက်လျှော့နည်းခြင်းမရှိစေရဟုလည်းကောင်း၊ အမှတ်စဉ် ၂၄ အခန်း(၁၃) မှာ အပိုဒ် ၈၁ ဖြင့် အသစ်ဖြည့်စွက်ခြင်းမှာ နိုင်ငံသားကျွမ်းကျင်သူအလုပ်သမားအတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ခန့်ထားရာ၌ အသိပညာကိုအခြေခံသောလုပ်ငန်းများအတွက် အကျုံးဝင်သောလုပ်ငန်း များစာရင်းနှင့် အချိန်ကန့်သတ်ချက်ကို တိုးမြှင့်ပြောင်းလဲခြင်းအတွက် အခြေခံရမည့်မူများကို ကော်မရှင်ကအမိန့် ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ရမည်ဟုပြင်ဆင်ထားပါတယ်။ ထိုအမှတ်စဉ် ၂၁၊ ၂၂၊ ၂၃၊ ၂၄ များသည့် ဥပဒေအရလည်းကောင်း၊ ပိုမိုရှင်းလင်းလွယ်ကူပြည့်စုံစေရန်အတွက်လည်းကောင်း ပြင်ဆင် ထားခြင်းဖြစ်တဲ့အတွက် အမှတ်စဉ် ၂၁၊ ၂၂၊ ၂၃၊ ၂၄ ကိုပြင်ဆင်ထားခြင်းအား လွှတ်တော်မှအတည် ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုအစိုးရကိုယ်စားလှယ်ရဲ့သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**။ ။ သဘောထားမှတ်ချက်ပေးရန်မရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်အဆိုပြုချက်ဖြစ်သော ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စားတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၆ အမှတ်စဉ် ၂၆ အခန်း (၁၄) အပိုဒ် ၉၆ အောက်တွင် အသစ်ဖြည့်စွက်ရန်အတွက် ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအလိုက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်နှုန်းထားများကိုခွင့်ပြုရာတွင် လိုအပ်သောအမိန့်ကြော်ငြာစာထုတ်ပြန်ဆောင်ရွက်ရမည်။ အမှတ်စဉ် ၂၇ အခန်း(၁၅) အပိုဒ် ၁၀၄ မြေငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူသည် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်သာဆောင်ရွက်ခွင့်ရှိသည်ဟူသော အပိုဒ်အား ပယ်ဖျက်ရန်လည်းကောင်း၊ အပိုဒ် ၁၀၆ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများလုပ်ကိုင်ခွင့်ရရှိထားသောမြေယာများတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို နည်းပညာနှင့် အရင်းအနှီးအဓိကထားဆောင်ရွက်ရသောလုပ်ငန်းများ၌ နှစ်ဖက်သဘောတူညီချက်အရ နိုင်ငံသားနှင့် ဖက်စပ်စနစ်ဆောင်ရွက်ခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ် ၁၀၇ အား ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနည်းပါးပြီး ဆက်သွယ်သွားလာရေးခက်ခဲသောဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့ပါ မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလထက် အများဆုံး ၁၀ နှစ်အထိ ပိုမို၍ခံစားခွင့်ရရှိစေရန် ခွင့်ပြုနိုင်သည်ဟုလည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများအပိုဒ် ၉၆၊ အပိုဒ် ၁၀၄၊ ၁၀၆၊ ၁၀၇ တို့အား တင်ပြပါအတိုင်း အတည်ပြုပေးနိုင်ပါရန်နှင့် အပိုဒ် ၉၁ အား ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းနဲ့သက်ဆိုင်သည့် နိုင်ငံခြားသားဝင်ရောက်နေထိုင်ခွင့်နှင့်စပ်လျဉ်း၍ တည်ဆဲလူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ လိုက်နာဆောင်ရွက်ရမည်ဟူသောအပိုဒ်အား အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ သဘောထားမှတ်ချက်ပေးရန်မရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဦးခင်မောင်ညို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ၏ မူလပြဋ္ဌာန်းချက်ရှိ အမှတ်စဉ် ၃၀၊ ၃၁ ဖြစ်သည့် အခန်း(၁၅) ခေါင်းစဉ်အောက်ရှိ အပိုဒ် ၁၁၇ (ခ) နှင့် အပိုဒ် ၁၂၁ တို့အပေါ် တစ်ဆက်တည်း ပြင်ဆင်အဆိုပြုတင်သွင်းသွားမှာဖြစ်ပါတယ်။ အဆိုပါ မူလပြဋ္ဌာန်းချက်စာပိုဒ်များရှိ စာသားများထဲတွင် ခေတ်စနစ်နဲ့အညီ အထက်အောက်ပွင့်လင်းမြင်သာမှုများရှိ၍ အချိတ်အဆက် မိစေရေးတို့အတွက် ပိုမိုကောင်းမွန်သောဥပဒေအချက်အလက်များပြည့်စုံစေရန်အတွက် မူလပြဋ္ဌာန်းချက်ရှိစာသားများထဲတွင် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ဟူသောစကားစုကိုဖြည့်စွက်၍ ပြင်ဆင်အဆိုပြုတင်သွင်းလိုသည်မှာ အပိုဒ် ၁၁၇(ခ)အား စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း သို့မဟုတ် အစိုးရကခွင့်ပြုထားသော ဥပဒေနဲ့ညီညွတ်သည့် အခြားလုပ်ငန်းများလုပ်ကိုင် ရန်ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် သဘာဝသယံဇာတတွင်းထွက်ပစ္စည်းများကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကိုဖြစ်စေ၊ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကိုဖြစ်စေ၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိပါက ယင်းသို့တွေ့ရှိသည့်အချိန်မှ ၂၄ နာရီအတွင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကော်မရှင်သို့သတင်းပေးပို့အစီရင်ခံရမည်ဟူ၍ လည်းကောင်း၊ အပိုဒ် ၁၂၁ ကို ရင်းနှီးမြှုပ်နှံသူက ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏ မြေပေါ်မြေအောက်၌ခွင့်ပြုသည့်လုပ်ငန်းနဲ့မသက်ဆိုင်ဘဲ မူလစာချုပ်တွင်မပါဝင်သော သဘာဝသယံဇာတတွင်းထွက်ပစ္စည်းများကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကိုဖြစ်စေ၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကိုဖြစ်စေ၊ ရတနာသိုက်ကိုဖြစ်စေတွေ့ရှိလျှင် ယင်းသို့တွေ့ရှိသည့်အချိန်မှ ၂၄ နာရီအတွင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ကော်မရှင်သို့ ချက်ချင်းအကြောင်းကြားရမည်။ ကော်မရှင်သည် အကြောင်းကြားချက်ရရှိလျှင် ပြည်ထောင်စုဝန်ကြီးဌာန၊ လုပ်ငန်းဆောင်ရွက်မည့်ဒေသအပေါ်မူတည်ကာ

နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နဲ့ညှိနှိုင်းရမည်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၏ သဘောတူညီချက်အရ ကော်မရှင်ကခွင့်ပြုလျှင် ယင်းမြေပေါ်၌ဆက်လက်လုပ်ကိုင်နိုင်သည်။ ခွင့်ပြုခြင်းမရှိလျှင် အစားထိုးစီစဉ်ပေးသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်ဟူသော ပြင်ဆင်အဆိုပြုချက်များ အပေါ်လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ သဘောထားပေးရန်မရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဦးစတီဖန်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ အမှတ်စဉ် ၃၂ နှင့် ၃၃ ကိုတစ်ဆက်တည်းတင်ပြမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ အခန်း(၁၅) အပိုဒ် ၁၂၃ ကို မူလပြဋ္ဌာန်းချက်ကိုကြည့်ပြီးတော့ မူလပြဋ္ဌာန်းလိုတဲ့အဓိပ္ပာယ်ပြောင်းလဲခြင်းမရှိဘဲ အရေးအသားပိုမိုကျစ်လျစ်စေရန်နှင့် ဥပဒေရေးထုံးနဲ့အညီ မလိုအပ်တဲ့စာသားများကိုဖြုတ်ပြီးတော့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်ကတော့ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရသောမြေနေရာတွင် မူလအဆိုပြုချက်နဲ့မကိုက်ညီဘဲ လုပ်ငန်းဆောင်ရွက်ကြောင်း ကော်မရှင်ကစိစစ်တွေ့ရှိလျှင် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ပေးခြင်းကိုရုပ်သိမ်းနိုင်သည်ဟုဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေအခန်း(၁၅) အပိုဒ် ၁၂၆ မူလပြဋ္ဌာန်းချက်ကတော့ ရင်းနှီးမြှုပ်နှံသူသည်မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်သည့်မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အအုံများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များစသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းရန်လိုအပ်ပါက ပြောင်းရွှေ့နေရာချထားပေးခြင်း၊ မိမိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အလုပ်အကိုင်ပေးခြင်းတို့ကိုဆောင်ရွက်ပေးရမည့်အပြင် ဒေသန္တရကာလပေါက်ဈေးဖြင့် ပေးချေခြင်းနှင့် လျော်ကြေးပေးခြင်းတို့ကို သက်ဆိုင်

ရာပိုင်ဆိုင်သူ၏သဘောတူကြောင်းကျေနပ်ကြောင်းဖော်ပြချက်နှင့်အတူ လုပ်ငန်းဆောင်ရွက်မည့်ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာအစိုးရဌာနတို့၏ခွင့်ပြုချက်ရယူညှိနှိုင်းဆောင်ရွက်ရမည်။ အများပြည်သူကရွှေ့ပြောင်းဖယ်ရှားပေးလိုခြင်းမရှိသည့်နေရာများတွင် မြေငှားရမ်း၍ရင်းနှီးမြှုပ်နှံခွင့်မရှိစေရဆိုတဲ့ မူလပြဋ္ဌာန်းချက်ကို ဥပဒေကြမ်းကော်မတီအနေနဲ့ ပယ်ဖျက်ရန်ဖြစ်ပါတယ်။ ဒီလို ပယ်ဖျက်ရခြင်းအကြောင်းကတော့ ပြဋ္ဌာန်းဥပဒေရဲ့နောက်ဆုံးအပိုဒ်မှာ အများပြည်သူကရွှေ့ပြောင်းဖယ်ရှားပေးလိုခြင်းမရှိသည့်နေရာများတွင်မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံခွင့်မရှိစေရဆိုပြီးတော့ပါရှိပါတယ်။ အများပြည်သူအနေနဲ့ဒီအပေါ်ပိုင်းစာသားများနှင့်ပတ်သက်လို့ သဘောမကျတာကို ကျွန်တော်တို့တွေ့ရှိရတယ်။ ပြည်သူများက မိမိနေရာဒေသကိုခင်တွယ်ကြတယ်။ အကယ်၍ ကာလပေါက်စျေးကိုပေးချေခြင်းဖြင့် လျော်ကြေးပေးခြင်းတို့ကို သက်ဆိုင်ရာပိုင်ဆိုင်သူ၏ သဘောတူကျေနပ်ကြောင်းဆိုတဲ့အချက်နှင့်ပတ်သက်ပြီးတော့ မလျော်သြဇာကိုသုံးပြီးသဘောတူကျေနပ်ကြောင်း ဖော်ပြလာတာမျိုးလည်းဖြစ်နိုင်သလို မရိုးမဖြောင့်သော သဘောနဲ့သဘောတူဟန်ဆောင်ပြီး ဖော်ပြတာမျိုးလည်းရှိလာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ဟာ မလိုလားအပ်တဲ့အချက်တွေဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့ ပယ်ဖျက်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်တင်ပြချက်နှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကသဘောတူလက်ခံပေးနိုင်ပါရန်အတွက် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အစိုးရအဖွဲ့ရဲ့သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးကိုလက်ခံနိုင်ပါတယ်။ ဒါပေမယ့် တစ်ခုလေးကျွန်တော့်အနေနဲ့ အဆိုပြုခွင့်ပြုပါခင်ဗျား။ အားလုံး ခုနတုန်းကပြောတဲ့ဥစ္စာကိုလည်း အမှတ်စဉ် ၃၃ ပုဒ်မ ၁၂၆ က ပြောတဲ့ဥစ္စာကိုလည်း ကျွန်တော့်အနေနဲ့လက်ခံပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ တစ်ခုလေးပြောချင်တာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးလည်းလက်ခံနိုင်ပြီးတော့ နိုင်ငံတကာမူဘောင်နဲ့လည်း ညီသွားအောင် ဒါလေးတစ်ခုများဖြည့်စွက်လိုက်ရင်ကောင်းမလားဆိုပြီးတော့ ကျွန်တော်အဆိုတင်သွင်းချင်ပါတယ်။ ဥပမာဆိုလို့ရှိရင် ဒီဥစ္စာတွေအကုန်လုံးကို နားလည်မှုလွဲတဲ့ဥစ္စာတွေမလုပ်တော့ဘဲနဲ့ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍လုပ်ငန်းဆောင်ရွက်သည့်မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အအုံများ၊ လယ်ယာဥယျာဉ်ခြံမြေ

များ၊ သီးပင်စားပင်များစသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းရန်လိုအပ်ပါက နိုင်ငံတကာမူဘောင်များကို အခြေခံ၍ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေနဲ့ကိုက်ညီသည့် ပြောင်းရွှေ့နေရာချထားရေးကို ဆောင်ရွက်ရမည်ဆိုပြီးတော့ အဲ့ဒါလေးကို နောက်ပြီးတော့ ထိုကိစ္စနှင့်ပတ်သက်၍ ကုန်ကျစရိတ်များကို ရင်းနှီးမြှုပ်နှံသူကတာဝန်ယူရမည်ဆိုတဲ့ဥစ္စာလေးက ကျွန်တော်တို့တခြားနိုင်ငံဥပဒေတွေမှာလည်း ဒီလိုပုံစံမျိုးပါတာကိုတွေ့ရှိရပါတယ်ခင်ဗျား။ ဗီယက်နမ်မှာဆိုလို့ရှိရင် ဒီဂရီ 108 Investment of BOT Law မှာလည်း Article 30 မှာ အဲ့လိုပုံစံမျိုးလေးပြဋ္ဌာန်းထားတာကိုတွေ့ရှိရပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ အဲ့ဒါလေးကိုထည့်ပေးနိုင်မယ်ဆိုလို့ရှိရင် နိုင်ငံတကာမူဘောင်နဲ့လည်း International Standard နဲ့လည်းညီမယ်။ The Best Practice မဟုတ်ဘဲနဲ့ The Best Fit ကျွန်တော်တို့မြန်မာနိုင်ငံနဲ့လည်းကိုက်ညီမယ့်ဥစ္စာမျိုးလေးကို လုပ်ဆောင်နိုင်ပြီးတော့ နိုင်ငံတကာကလည်း လက်ခံမယ့်အခြေအနေဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့အဆိုတင်သွင်းချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အပိုဒ် ၃၂ နှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်ကို အစိုးရအဖွဲ့ကလည်းသဘောတူပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အမှတ်စဉ် ၃၂ ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၃ ကတော့ ပြင်ဆင်အဆိုပြုချက်သီးခြားထပ်မံတင်ပြထားပါ။ နောက်ပိုင်းမှပြန်ပြီးတော့ သက်ဆိုင်ရာကော်မတီနဲ့ညှိနှိုင်းပေးသွားပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေ ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်ဖတ်ပြရန် မလိုပါဘူး။ ပြင်ဆင်အဆိုပြုချက်ကိုသာဖတ်ကြားဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေအမှတ်စဉ် ၃၄ အခန်း(၁၅) အပိုဒ် ၁၂၈ အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ရန်ဖြစ်ပါတယ်။ အမှတ်စဉ် ၃၅ အပိုဒ် ၁၃၁(ခ) မလိုအပ်ပါသဖြင့် ပယ်ဖျက်ရန်ဖြစ်ပါတယ်။ အမှတ်စဉ် ၃၆ နည်းဥပဒေအပိုဒ် ၁၃၃ ရင်းနှီးမြှုပ်နှံသူသည် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်အတွက် ကော်မရှင်၏ခွင့်ပြုမိန့်နဲ့အညီ နိုင်ငံတော်အတွင်းရှိနိုင်ငံခြားဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ရှိသည့်ဘဏ်တစ်ခုခုတွင် အဆိုပြုချက်ပါနိုင်ငံခြားငွေကို ငွေစာရင်းဖွင့်လှစ်၍ဆောင်ရွက်ရမည်။ အမှတ်စဉ် ၃၇ နည်းဥပဒေ ၁၃၄ ရင်းနှီးမြှုပ်နှံရန်အဆိုပြုရာတွင် နည်းဥပဒေ ၁၃၃ ပါအတိုင်း

ဘဏ်တွင်ငွေစာရင်းဖွင့်လှစ်ဆောင်ရွက်ရမည်။ အမှတ်စဉ် ၃၈ နည်းဥပဒေ ၁၃၅ ပယ်ဖျက်ရန်၊ အမှတ်စဉ် ၃၉ နည်းဥပဒေ ၁၃၆ ပယ်ဖျက်ရန်နှင့် အမှတ်စဉ် ၄၀ နည်းဥပဒေ ၁၃၉ ပယ်ဖျက်ရန်တို့အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။။ သဘောထားမှတ်ချက်ပေးရန်မရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်များအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၁ မှစ၍ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စားလှယ်ကတင်ပြဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်ချက်ဇယား စာမျက်နှာ ၁၀ အမှတ်စဉ် ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆ တို့ကိုတစ်ပေါင်းတည်း ပြင်ဆင်တင်ပြချက်ကိုတင်ပြသွားမှာဖြစ်ပါတယ်။ အမှတ်စဉ် ၄၁ အခန်း(၁၆) အပိုဒ် ၁၄၀ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်တင်ပြချက်မှာ ရင်းနှီးမြှုပ်နှံသူသည် အဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမည့်နိုင်ငံခြားငွေကိုဖြည့်တင်းရာတွင် ပြည်ပရှိ ဘဏ်တစ်ခုခု မှသာ လွှဲပြောင်းရယူဖြည့်တင်းရမည်လို့ ပြင်ဆင်တင်ပြထားပါတယ်။ အမှတ်စဉ် ၄၂ အခန်း(၁၆) အပိုဒ် ၁၄၁ မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့မလိုအပ်ပါသဖြင့် ပယ်ဖျက်ရန် ပြင်ဆင်တင်ပြထားပါတယ်။ တဖန် အမှတ်စဉ် ၄၃ အခန်း(၁၆) အပိုဒ် ၁၄၂ မှာလည်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့မလိုအပ်ပါသဖြင့် ပယ်ဖျက်ရန်ပြင်ဆင်တင်ပြထားပါတယ်။ အမှတ်စဉ် ၄၄ အခန်း(၁၇) အပိုဒ် ၁၄၆ ပြင်ဆင်တင်ပြချက်မှာ ရင်းနှီးမြှုပ်နှံသူသည်အောက်ပါ ငွေများကို နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ရှိသည့် ဘဏ်တစ်ခုခုမှတစ်ဆင့် ပြည်ပသို့သက်ဆိုင်ရာနိုင်ငံခြားငွေဖြင့် လွှဲပြောင်းနိုင်သည်လို့ပြင်ဆင်တင်ပြထားပါတယ်။ အမှတ်စဉ် ၄၅ အခန်း(၁၉) အပိုဒ် ၁၆၀ မှာ ပြင်ဆင်တင်ပြချက်ကတော့ သက်ဆိုင်ရာဌာနများသည် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရှိအရာထမ်းများအား လက်မှတ်ရေးထိုးခွင့်အပါအဝင် ဆုံးဖြတ်ပိုင်ခွင့်အပ်နှင်းရ

မည်။ ဆုံးဖြတ်ပိုင်ခွင့်မရှိသောကိစ္စရပ်များပေါ်ပေါက်လျှင်သက်ဆိုင်ရာ အရာထမ်း၏တင်ပြချက်ကို သက်ဆိုင်ရာဌာနက ဆောလျင်စွာအဆုံးအဖြတ်ပေးရမည်လို့ပြင်ဆင်တင်ပြထားပါတယ်။ အမှတ်စဉ် ၄၆ အခန်း(၂၀) အပိုဒ် ၁၆၃ မှာ ပြင်ဆင်တင်ပြချက်ကတော့ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ ဤနည်းဥပဒေများပါပြဋ္ဌာန်းချက်များကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်းကိုလည်းကောင်း မရိုးမဖြောင့်သောသဘောဖြင့်အဆိုပြုချက်ပါ အချက်အလက်များကို မမှန်မကန်တင်ပြ၍ခွင့်ပြုမိန့်ရယူခဲ့ခြင်းကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းကိုလည်းကောင်း သို့မဟုတ် ကော်မရှင်ကထုတ်ပေးသည့်ခွင့်ပြုမိန့်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကြောင်း ကိုလည်းကောင်း စုံစမ်းသိရှိလျှင်ဖြစ်စေ၊ စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ တိုင်ကြားမှု၊ သတင်းပို့မှုတစ်စုံ တစ်ရာပေါ်ပေါက်လျှင်ဖြစ်စေ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးရမည်ဟု ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်တင်ပြချက်အား အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ သဘောထားမှတ်ချက်ပေးရန်မရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့ အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မြသန်း ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ရှင်းလင်းတင်ပြဖို့ဖြစ်ပါ တယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီဝင်)**။ ။ အမှတ်စဉ် ၄၇ အပိုဒ် ၁၆၄ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား အဖွဲ့ခေါင်းဆောင် အဖြစ်တာဝန်ယူစေ၍ သက်ဆိုင်ရာအစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများမှ ဘာသာရပ် ကျွမ်းကျင်သော သမာသမတ်ရှိသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာ တွင် အဖွဲ့ခေါင်းဆောင်အပါအဝင်အဖွဲ့ဝင် ၃ ဦးအောက်မနည်းစေရဟုလည်းကောင်း၊ အမှတ်စဉ် ၄၈

အပိုဒ် ၁၆၅ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိစုံစမ်းစစ်ဆေးသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ အခြားပုဂ္ဂိုလ်များနှင့် စာရွက်စာတမ်း အထောက်အထားများကို စစ်ဆေးပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ အမှတ်စဉ် ၄၉ အပိုဒ် ၁၆၇ စီမံခန့်ခွဲ ရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်သည်အစည်းအဝေးတွင် တင်ပြဆွေးနွေးရ မည်။ ၎င်းအစည်းအဝေးသို့စုံစမ်းစစ်ဆေးခံရသည့် ရင်းနှီးမြှုပ်နှံသူကိုပါဝါဝင်တက် ရောက်တင်ပြ ခွင့်ပြုရမည်ဟု ပြင်ဆင်ချက်အသီးသီးအား ဥပဒေ၏အစိတ်အပိုင်းအဖြစ် အတည်ပြုနိုင်ပါရန်တင်ပြ အပ်ပါသည်။

**ဥက္ကဋ္ဌ** ။ ။ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ သဘောထားမှတ်ချက်ပေးရန်မရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဒေါက်တာ စိုးမိုးအောင်တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၅၀ အခန်း (၂၀) နည်းဥပဒေအပိုဒ် ၁၆၈ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်သည် ကော်မရှင်က ချမှတ်သည့်နေ့ရက်မှစတင် ၍ အကျိုးသက်ရောက်သည်။ အမှတ်စဉ် ၅၁ အခန်း (၂၁) နည်းဥပဒေ ၁၇၀ နည်းဥပဒေ ၁၆၉ အရ ဖြေရှင်း၍ ပြေလည်မှုမရရှိပါက (က)သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ် ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ (ခ) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်းသတ်မှတ်ထားခြင်းမရှိလျှင် နိုင်ငံတော်၏ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ အမှတ်စဉ် ၅၂ နည်းဥပဒေ ၁၇၁ ရင်းနှီးမြှုပ်နှံသူသည် အငြင်းပွားမှုပေါ်ပေါက်သည့်အခါ ဖြစ်စဉ်အကြောင်းအရာကိုဖော်ပြလျက် ကော်မရှင်သို့ သတင်းပို့တင်ပြရမည်။ အမှတ်စဉ် ၅၃ နည်းဥပဒေ ၁၇၂ ပယ်ဖျက်ရန် ဖြစ်ပါသည်။ အမှတ်စဉ် ၅၄ အခန်း (၂၂) နည်းဥပဒေ ၁၇၅ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၁၀/၁၉၈၈) အရ ခွင့်ပြုထား သည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအား ခံစားဆဲဖြစ်သော ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြား

ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၁၂) ပါအတိုင်း ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဆက်လက်ခံစားခွင့်ရှိသည်။ အမှတ်စဉ် ၅၅ နည်းဥပဒေ ၁၇၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၁၀/၁၉၈၈) အရ ဖွဲ့စည်းထားသည့် ကော်မရှင်၏ ခွင့်ပြုမိန့်နှင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်လုပ်ကိုင်အကျိုးခံစားလိုပါက ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဖော်ပြပါ ပြင်ဆင်ချက်အပိုဒ်များအား လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ သဘောထားမှတ်ချက်ပေးစရာမရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၅၆ အပိုဒ် ၁၈၁ အား ပယ်ဖျက်ရန် ဖြစ်ပါတယ်။ အဲ့ဒီအောက်မှာ အသစ်ဖြည့်စွက်ခြင်းများအဖြစ် ၅ ခုကို တစ်ဆက်တစ်စပ်တည်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ကော်မရှင်သည် လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ၆ လ တစ်ကြိမ် တင်ပြအစီရင်ခံရမည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို ထိခိုက်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဖြစ်ပေါ်လာပါက ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရသည်။ အမှတ်စဉ် ၅၉ ကော်မရှင်သည် လုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သော အကြံပြုချက်များရယူရာတွင် သက်ဆိုင်ရာလွှတ်တော်ကော်မတီ၊ ကော်မရှင်အဖွဲ့များအား ညှိနှိုင်းတိုင်ပင်အပ် သော ဝိသေသရှိသည့် အဖွဲ့အစည်းများအဖြစ် မှတ်ယူဆောင်ရွက်နိုင်ပါသည်။ အမှတ်စဉ် ၆၀ ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းဆိုင်ရာ နည်းပညာများကို ရင်းနှီးမြှုပ်နှံမှုဖြင့် ထည့်ဝင်ခွင့်ရှိသည်။ ယင်းတို့သည် နိုင်ငံတကာ တန်ဖိုးဖြတ်ခြင်း စံနှုန်းများကောင်စီက ပြုစုထုတ်ပြန်ထားသော

နိုင်ငံတကာတန်ဖိုးဖြတ်ခြင်း စံနှုန်းများနှင့်အညီ တန်ဖိုးသတ်မှတ်ထားခြင်းဖြစ်ရမည်။ အမှတ်စဉ် ၆၁ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် ရေးသားသည့်စာရွက်စာတမ်းများနှင့် ဆက်သွယ်မှုများကို မြန်မာဘာသာ သို့မဟုတ် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားရမည်ဖြစ်ပြီး ရေးသားမှုတွင် အဓိပ္ပာယ်ကွာခြားမှုပေါ်ပေါက်ပါက မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင် အခြေပြုရမည်ဟု ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်များအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ သဘောထားမှတ်ချက်ပေးရန်မရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးရယ် အမှတ်စဉ် ၆၂ တစ်ခုတည်းကိုသာ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်ချက်ဇယားစာမျက်နှာ ၁၄ အမှတ်စဉ် ၆၂ ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဇယား၂ မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့

**ဥက္ကဋ္ဌ**။ ။ အခု လွှတ်တော်ဥက္ကဋ္ဌရဲ့ ပြောဆိုမှုပြင်ဆင်ပါတယ်။ ဦးစိုးရယ်ထိုင်နိုင်ပါပြီ။ ကြားဖြတ်ညှိနှိုင်းဆွေးနွေးမှုအရ ပြည်ထောင်စုအစိုးရက ပြင်ဆင်ချက်ပြုလိုကြောင်း သီးခြားတင်ပြထားတာရှိပါတယ်။ ပြင်ဆင်ချက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုမှာ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ်၊ Sector အလိုက် Sector အလိုက်ကို စိုက်ပျိုးရေး Sector တစ်ခုလုံး၊ မွေးမြူရေးနှင့်ပတ်သက်တဲ့ Sector တစ်ခုလုံး၊ Sector အလိုက် Sector အလိုက်ကို ရင်းနှီးမြှုပ်နှံမှုလုံးဝအဝင်မခံဘူး။ ဒါမှမဟုတ် အဲ့ဒီ Sector လာလို့ရှိရင် ဘယ်လုပ်ငန်းပဲ လုပ်လုပ်၊ ပြည်တွင်းနဲ့ပဲ JV လုပ်ရမယ်ဆိုတဲ့ ပုံစံမျိုးကို

ပြဋ္ဌာန်းမယ့်အစားကို ကျွန်တော်တို့ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာလိုလို Type of Business ဒါမှမဟုတ်ရင် Type of Crop ဒါမှမဟုတ်ရင် LandSlide တဲ့အပေါ်မူတည်ပြီးတော့ ခွဲခြားသတ်မှတ်ထားတာမျိုး ရှိပါတယ်ခင်ဗျား။ အဲ့ဒီလိုပဲ အင်ဒိုနီးရှားနိုင်ငံ မှာဆိုလို့ရှိရင် အာဆီယံမှာ အတင်းအကြပ်ဆုံး ဖြစ်ပေမယ့် သူက Transparent တော်တော်ဖြစ်တဲ့ ဥပဒေပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။ အဲ့ဒီဥပဒေမှာဆိုလို့ရှိရင်လည်း သူတို့က ကာကွယ်ထားတာက ဘာကိုကာကွယ်ထားသလဲဆိုရင် နိုင်ငံသားအများစုကလုပ်တဲ့ Small Hold Farmers တွေ Small Medium Size Enterprises တွေ၊ နိုင်ငံအများစုကလုပ်တဲ့ လုပ်ငန်းတွေကို ကာကွယ်ထားတာတွေ့ရှိ ရပါတယ်ခင်ဗျား။ ဒါပေမယ့် လူအများစုကလုပ်တဲ့လုပ်ငန်းတွေကို ကာကွယ်ထားပြီးတော့ ဒီလို စိုက်ပျိုးရေးလုပ်ငန်းတစ်ခုလုံး၊ အကုန်လုံး၊ မွေးမြူရေးလုပ်ငန်းတစ်ခုလုံး၊ အကုန်လုံးကို FDI (Foreign Direct Investment) ကို Restrict လုပ်ထားတဲ့ပုံစံမျိုးကို တွေ့ရှိရမှာ မဟုတ်ပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒါလေးကို ပြင်ဆင်စေချင်တာကတော့ စိုက်ပျိုးရေးလုပ်ငန်းအားလုံးဆိုတဲ့အစား သတ်မှတ်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းအားလုံးဆိုတဲ့အစား သတ်မှတ်ထားသော မွေးမြူရေး လုပ်ငန်းများဆိုပြီးတော့ ပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။ ဒီလိုသတ်မှတ်ထားသောလုပ်ငန်းတွေကို ဥပဒေကြမ်းကော်မတီနဲ့ ပြန်ပြီးတော့ တိုင်ပင်ပြီးတော့ အမိန့်ကြော်ငြာစာထုတ်ဖို့အတွက် တိုင်ပင်ခွင့်ပြု ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ဦးဆက်အောင်ရဲ့ပြင်ဆင်အဆိုပြုချက်က ပြည်သူ့လွှတ်တော်က တင်ပြထားတဲ့ စိုက်ပျိုးရေးလုပ်ငန်းများဆိုတဲ့နေရာမှာ သတ်မှတ်ထားသော ဆိုတဲ့စကားရပ်ကို ထည့်ပါ မယ်။ ထို့နည်းတူစွာပဲ မွေးမြူရေးလုပ်ငန်းများဆိုတဲ့နေရာမှာ ရှေ့ကသတ်မှတ်ထားသောဆိုတဲ့ စကားစု ထည့်ပါမယ်။ မှန်ပါသလား။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ မှန်ပါတယ်ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက အခု ပြည်ထောင်စုအစိုးရရဲ့ ထပ်မံ ပြင်ဆင်အဆိုပြုတဲ့ သတ်မှတ်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ၊ သတ်မှတ်ထားသော မွေးမြူရေး လုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီး တင်ပြသွားတဲ့ သတ်မှတ်ထားသောဆိုတဲ့ စကားရပ်များ ကိုအစားထိုးကြည့်ခြင်းအားဖြင့် ပိုမိုအဆင်ပြေ ချောမွေ့မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ရဲ့ သဘောထားပြောပါ။ ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ပြည်ထောင်စုအစိုးရရဲ့ ပြင်ဆင်အဆိုပြုချက်များဖြစ်သော အမှတ်စဉ် ၆၂ က သတ်မှတ် ထားသော စိုက်ပျိုးရေးလုပ်ငန်းများ၊ အမှတ်စဉ် ၆၃ က သတ်မှတ်ထားသော မွေးမြူရေး လုပ်ငန်းများ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၂ အမှတ်စဉ် ၇ နှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရဘက်က ပြင်ဆင်လိုတာ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ အဘခင်ဗျား။ ပြင်ဆင်လိုတဲ့အချက်ကတော့ အများကြီးပြုပြင်ပြောင်းလဲလိုက်တာမဟုတ်ဘဲနှင့် ပိုပြီး Facility ဖြစ်သွားအောင်လေး တင်ပြခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒီပြင်ဆင်လိုတဲ့အချက်ကတော့ ၉၀ ရာခိုင်နှုန်းလောက်ကတော့ ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော် ဖတ်ပြပါမယ်ခင်ဗျား။ နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့်လုပ်ငန်း များကို နိုင်ငံသားနှင့်ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေရင်းအချိုးသည် သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၄၉ ရာခိုင်နှုန်း သို့မဟုတ် ၈၀ ရာခိုင်နှုန်း ထက် မကျော်စေရဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်ခင်ဗျား။ အဓိကကတော့ ဇယားပေါ် ပြောတာနဲ့လည်း မူတည်ပါတယ်။ ကျွန်တော်တို့ Sector တစ်ခုလုံးမှာ ဒီတစ်ခုလုံးကို တားမြစ်မယ့်အစားကို Type of Business ဒါမှမဟုတ် Type of Cross, Landside တဲ့အပေါ်မူတည်ပြီးတော့ ခွဲခြားပြီးတော့ လုပ်ငန်း အမျိုးအစားပေါ်မူတည်ပြီးတော့ ၄၉ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းကို ဖြစ်မယ်ဆိုရင် ပိုကောင်းပါတယ်။ အင်ဒိုနီးရှားဥပဒေမှာလည်း ၄၉ ရာခိုင်နှုန်း၊ ၉၅ ရာခိုင်နှုန်းဆိုပြီးခွဲခြားထားတာကို တွေ့ရှိရပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် အခု ပြန်ပြီးတော့ ပြင်ဆင်တဲ့နေရာကို ဖြေးဖြေးနဲ့အားလုံးကြား နိုင်အောင် ပြောပေးပါ။ အဲ့ဒီပြောပေးတဲ့အတိုင်းပဲ သက်ဆိုင်ရာ ဥပဒေကြမ်းကော်မတီကလည်း ဒီအတိုင်းလိုက်မှတ်ပြီး ရေးထားပေးပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေရင်းအချိုးသည် သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစား ပေါ်မူတည်၍ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၄၉ ရာခိုင်နှုန်း သို့မဟုတ် ၈၀ ရာခိုင်နှုန်းထက် မကျော်လွန် စေရ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်ဖတ်ပြပါမယ်။ နိုင်ငံခြားမတည်ငွေရင်းအချိုးသည် အဲ့ဒီနောက်ကနေပြီး တော့ ဖြည့်ပါမယ်။ သတ်မှတ်ထားသော လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၄၉ ရာခိုင်နှုန်း သို့မဟုတ် ၈၀ ရာခိုင်နှုန်းအထိ ဖြစ်ပါတယ်။ နောက်က မကျော်လွန်စေရ။ မှန်တယ်ဆို ရင် ဥပဒေကြမ်းပူးပေါင်းကော်မတီ သို့မဟုတ် သက်ဆိုင်ရာနည်းဥပဒေကို ကိုင်တွယ်ကျင့်သုံးရတဲ့ ကော်မတီ သို့မဟုတ်ရင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဒါနှင့်ပတ်သက်ပြီးတော့ သဘောထား ပြန်ပြီး ရှင်းလင်းပေးပါ။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာပေါင်းမဲ ဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်ဖြစ်ပြီးတော့ စီးပွားရေး နှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ တစ်ချိန်လုံး မူရင်း ဥပဒေရော၊ နည်းဥပဒေပါ ပါဝင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုပြင်ဆင်ချက် နှင့် ပတ်သက်လို့ မူရင်းဥပဒေအတည်ပြုတုန်းကလည်း ကျွန်တော် တင်ပြခဲ့ဖူးပါတယ်။ ဒီနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေဟာ လွှတ်တော်သက်တမ်းမှာ အချိန်အပေးဆုံးနှင့် စာရွက်စာတမ်းအသုံးဆုံး အခြေအတင်ဆွေးနွေးရဆုံးဖြစ်ပါတယ်။ ဒီလိုအချိန်ပေးညှိနှိုင်းထားတဲ့ကြားက ဒီအပိုဒ် ၇ ကို ဒုတိယ ဝန်ကြီးက လွှတ်တော်မှာရုတ်တရက်တင်ပြတဲ့နေရာမှာ ကန့်သတ်တားမြစ်တဲ့လုပ်ငန်းကို နိုင်ငံခြားသား ကို ၄၉ ရာခိုင်နှုန်းပေးသည့်တိုင်အောင် ၅၁ ရာခိုင်နှုန်းကို မိမိနိုင်ငံသားတွေက မတတ်နိုင်ဦးမှာ စိုးရိမ်တယ်ဆိုတဲ့ အကျိုးအကြောင်းဖော်ပြချက် ပြီးခဲ့တဲ့လွှတ်တော်နာရီပိုင်းမှာ မှတ်သားပြီးပါပြီ။ လွှတ်တော်ဘက်ကတော့ အကျိုးအကြောင်းဖော်ပြချက် ၃ ခုတင်ပြခွင့်ပြုပါခင်ဗျား။ ပထမအကျိုး

အကြောင်းကတော့ ကိုယ့်နိုင်ငံသားတွေ မတတ်နိုင်မှာစိုးတယ်ဆိုတဲ့ အဓိပ္ပာယ်က ပြည်သူအပေါ်မှာ ခင်ဗျားတို့ မတတ်နိုင်ပါဘူးလို့ ကြိုတင်စွပ်စွဲသလိုဖြစ်နေပါတယ်။ ပြည်သူတွေက ဒီလိုပဲ ခံစားနေရတယ်လို့ ကိုယ်စားလှယ်တော်ကြီးများအားလုံးနားလည်ခံစားမိမယ်လို့ ယုံကြည်ပါတယ်။ ပြည်သူကို ဒီကိစ္စမျိုးပေါ်လာရင် ရင်းနှီးဖို့မတတ်နိုင်ပါဘူးလို့ပြောတာဟာ အရင်တုန်းက ဈေးကွက်ပိတ်ဆို့ထားဆီးခံရတဲ့အချိန် ဘဏ်လုပ်ငန်းအားဖြင့် MFTB နဲ့ MICB လို့ အစိုးရဘဏ် နှစ်ခုပဲရှိနေတုန်းက သူ့ခေတ်သူ့အခါ မှန်ကောင်းမှန်နိုင်ပါတယ်။ အခုခေတ် ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးလာတော့မယ့် အချိန်မှာ နောက်တစ်ခုက နိုင်ငံတော်အစိုးရကလည်း ပြည်တွင်းလုပ်ငန်းတွေကို ဘဏ်စနစ်ကောင်းတဲ့ အားပေးရတော့မယ့်အချိန်မှာ ဒီလိုပြောဖို့ မသင့်လျော်တော့ပါဘူး။ သဘောတူ စာချုပ်ပါမစ်သာရှိပါစေ ကိုယ့်နိုင်ငံသားတွေအနေနဲ့ ၅၁ ရာခိုင်နှုန်းနှင့်ညီမျှတဲ့ ရင်းနှီးငွေပြည့်ဝ ဖို့အတွက် ပြည်တွင်းပြည်ပဘဏ်များထံမှ ချေးယူနိုင်တော့မှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ကန့်သတ်တားမြစ်တဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက် ကုမ္ပဏီဖွဲ့စည်းပုံအက်ဥပဒေအရ ဖွဲ့စည်းပုံမှာ မိမိနိုင်ငံသားနှင့် မိမိဌာနဘက်မှာပဲ ဆုံးဖြတ်ပိုင်ခွင့်ရှိရမှာ ဖြစ်ပါတယ်။ တားမြစ်ကန့်သတ်လုပ်ငန်း ဖြစ်နေလို့ဆိုတာ ပြန်ညွှန်းချင်ပါတယ်။ ဒါက ပထမအကျိုးအကြောင်းဖော်ပြချက် (၁) ဖြစ်ပါတယ်။ ဒုတိယအကျိုးအကြောင်း ဖော်ပြလိုတာက ယခုလိုသတ်မှတ်သည့် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ အချို့ကို ၄၉ ရာခိုင်နှုန်းထားမယ်။ အဓိပ္ပာယ်က တားမြစ်ကန့်သတ်သည့်လုပ်ငန်းအချို့ကို ၈၀ ရာခိုင်နှုန်းပေးချင်ရင်လည်း ပေးမယ်လို့ ဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကော်မရှင်သည် မူရင်းဥပဒေက ကန့်သတ်ထားတဲ့ တားမြစ်ထားတဲ့ လုပ်ငန်းအတော်များများကို ၄၉ ရာခိုင်နှုန်းနှင့်ကျော်ပြီးတော့ ပေးပစ်မယ်လို့ ကော်မရှင်တစ်ဦးတစ်ဖွဲ့ ပုဂ္ဂိုလ်ရေးကို မယုံကြည်လို့ တင်ပြခြင်း မဟုတ်ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ လွှတ်တော်တွေမှာ စီမံကိန်းတွေကို အဲ့ဒီမယုံကြည်တဲ့ သံသယမျက်လုံးနှင့်စိစစ်ပေးတဲ့အတွက် လတ်တလောမလိုတဲ့ဆေးရုံကြီးတွေ မဆောက်ပေးဘဲနှင့် ကျေးလက်ကျန်းမာရေးဌာနများစွာ ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ အလားတူပါပဲ လတ်တလော မလိုတဲ့ ခရိုင်ပညာရေးမှူးရုံးတို့၊ TV တို့၊ စက်တို့ မဝယ်ဘဲနှင့် မူလတန်းကျောင်းရာပေါင်းများစွာ ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ ဒါက သံသယရဲ့အကျိုးကို ပြည်သူတို့ လက်ငင်းခံစားရတာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ဆွေးနွေးဆုံးဖြတ်ရမှာက ရင်းနှီးမြှုပ်နှံမှုကိစ္စဖြစ်တဲ့အတွက် စီးပွားရေးကိစ္စဖြစ်ပါတယ်။ နိုင်ငံတကာပညာရှင်များပြောတာက ကျွန်တော်ပြောတာမဟုတ်ပါဘူး။ ဒီကနေ့ ၂၁ ရာစု တစ်ကမ္ဘာလုံးဆိုင်ရာစီးပွားရေးမှာ အဆိုအမိန့်ရှိပါတယ်။ သံသယသမားသာ အသက်ရှင်သန်နိုင်

မယ်ဆိုတဲ့ အဆိုအမိန့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဂျပန်နိုင်ငံဟာ မိမိတို့နိုင်ငံအပေါ်မှာ ကြွေးမြီအလျော်ပစ်ဆုံးနိုင်ငံ ဖြစ်ပါတယ်။ ကြွေးမြီအလျှော့ချဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ အတိုးနှုန်း ၀.၀၁ ရာခိုင်နှုန်းအထိ အနိမ့်ဆုံးချေးပေးတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ အခြားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအဖွဲ့ငယ် အဖွဲ့ခွဲများ လာနေတဲ့အချိန်မှာ ဂျပန်နိုင်ငံက လုပ်ငန်းရှင်ကြီးများအားလုံးစုပေါင်းထားတဲ့ **ခေတာရယ်** ခေါ်တဲ့ ထိပ်တန်းစီးပွားရေးအဖွဲ့ချုပ်ကြီးတစ်ခုလုံးလာတာ သက်သေသာဓက ဖြစ်ပါတယ်။ ဒီအဖွဲ့ချုပ်ကြီးက နိုင်ငံ့အကြီးအကဲ လွှတ်တော်ဥက္ကဋ္ဌကြီးအပါအဝင် နိုင်ငံ့ခေါင်းဆောင်များလာတွေ့တာကို တိတိကျကျညွှန်းလိုပါတယ်။ သူတို့ ပြောသွားတဲ့အထဲ တောင်းဆိုသွားတဲ့အထဲမှာ ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေဟာ ကျွန်တော်နိုင်ငံသားတွေကို သိပ်ကာကွယ်ထားတယ်လို့ လုံးဝ မကန့်ကွက်ခဲ့ပါဘူး။ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုဥပဒေဟာဥပဒေအရ အခွင့်အရေးပေးရမယ့်အစား ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို လုပ်ပိုင်ခွင့်တွေ အများကြီးပေးထားတယ် ကန့်ကွက်ခဲ့တာကို လွှတ်တော်ဥက္ကဋ္ဌကြီး မှတ်မိမယ်လို့ယူဆပါတယ်။ ဒါက ဒုတိယအကျိုးအကြောင်းဖော်ပြချက်ဖြစ်ပါတယ်။ တတိယအကျိုးအကြောင်း ဖော်ပြချက် ဖြစ်ပါတယ်။ နောက်ဆုံး ဖော်ပြချက်ဖြစ်ပါတယ်။ နိုင်ငံခြားနှင့်ပတ်သက်နေတဲ့အတွက် ဖွင့်ပေးပြီးမှ ပြန်ပိတ်ဖို့ မသင့်လျော်ပါ။ မိမိနိုင်ငံကို အဲ့ဒီအချိန်မှာ ဘယ်သူမှ ယုံကြည်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ မူသဘောအရ မိမိတို့ ယုံကြည်ရာ အများသဘောတူရာကို တင်းတင်းရင်းရင်းနှင့်ပြဋ္ဌာန်းပြီးတော့မှ နောင်မှာ ဖြေလျှော့ဖို့ လိုအပ်လာရင် ဖြေလျှော့ပေးတာက မိမိနိုင်ငံပေါ်မှာ နိုင်ငံတကာက အထင်ကြီးလေးစားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပြန်လည်ပြင်ဆင် ဖြေလျှော့ပေးဖို့ အချိန်တော်တော်ယူရမယ်လို့လည်း စိုးရိမ်စရာမရှိစေလိုပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၂၊ ၈၃ နှင့် ၈၄ တို့မှာ ဘယ်လိုအခြေအနေက တောင်းဆိုရင် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး၊ အရေးပေါ်အစည်းအဝေးများကို နာယကက ခေါ်ယူကျင်းပရမယ်လို့ ခေါ်ယူကျင်းပပေးနိုင်တာမဟုတ်ပါဘူး။ ကျင်းကို ကျင်းပပေးရမှာ ဖြစ်ပါတယ်။ ခေါ်ယူကျင်းပပေးရမယ်လို့ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံအတွက် အရေးကြီးတာတွေ အချိန်မရွေးပြင်ဆင်ပေးနိုင်တဲ့ အခွင့်အရေးအပြည့်အဝရှိပြီးသား ဖြစ်ပါတယ်။ အလွန်အမင်းစိုးရိမ်စရာမရှိပါဘူး။ သို့ဖြစ်ပါ၍ ဖော်ပြပါအကျိုးအကြောင်းသုံးချက်အရ အပိုဒ် ၇ ပုဒ်မ နည်းဥပဒေ ၂၀ နှင့်ပတ်သက်လာ ရင် မူရင်းဥပဒေပုဒ်မ ၄ အရ တားမြစ်ကန့်သတ်တဲ့လုပ်ငန်းများကို ပြန်ဖွင့်ပေးမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အဆိုပြုထားတဲ့အတိုင်း နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့်ဖက်စပ်လုပ်ကိုင်ပါက

နိုင်ငံခြားမတည်ငွေရင်းအချိုးသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၄၉ ရာခိုင်နှုန်းထက် မကျော်လွန်စေရ ဆိုတဲ့အတိုင်းပဲ လောလောဆယ်သဘောတူသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားသိလိုပါတယ်။ မူလဥပဒေကြမ်း ကော်မတီရဲ့ တင်ပြတဲ့အဆိုပြုချက်ကိုပဲ လက်ခံမလား သို့မဟုတ်လို့ရှိရင် ပြည်ထောင်စုအစိုးရက ထပ်မံတင်ပြတဲ့ဟာကိုပဲ လက်ခံမလား။ ဥပဒေကြမ်းကော်မတီကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအချက်ကိုပြင်ရတဲ့အကြောင်းအရင်းဟာ မူလဥပဒေပြဋ္ဌာန်းချက်နှင့်မကျော်လွန်စေရန် ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ကြိုတင်ညှိနှိုင်းထားချက်များ၊ ဆွေးနွေးချက်များ မှာလည်း ဒါ ၄၉၊ ၅၁ အချိုးကိုပဲ အတည်ပြုထားတဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့တော့ ညှိနှိုင်းရရှိချက်ဟာ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက် အတိုင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်တဲ့သူမတွေ့ပါ။ မဲတစ်ခါတည်းခွဲပြီးဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၈ စာမျက်နှာ ၃၃ ပြည်ထောင်စုအစိုးရက ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို မူအားဖြင့်သဘောတူပါတယ်။ သို့ရာတွင် စကားရပ်၊ အဓိပ္ပာယ်အသုံးအနှုန်းလေး နည်းနည်းပြုပြင်ပေးဖို့လိုကြောင်း တင်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်လိုတဲ့ စာသားဖော်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာသားအနေနဲ့ကတော့ ရင်းနှီးမြှုပ်နှံသူသည်မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်သည့်မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အအုံများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များစသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းရန်လိုအပ်ပါက နိုင်ငံတကာ မူဘောင်များကို အခြေခံ၍ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေနှင့် ကိုက်ညီ

သည့် ပြောင်းရွှေ့နေရာချထားခြင်းကို ဆောင်ရွက်ရမည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကုန်ကျစရိတ်များကို ရင်းနှီးမြှုပ်နှံသူက တာဝန်ယူရမည်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ပြီးတော့ တစ်ခေါက်ဖြည်းဖြည်းပြောပေးပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်သည့် မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အအုံများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များစသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းရန်လိုအပ်ပါက နိုင်ငံတကာ မူဘောင်များကို အခြေခံ၍ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ပြောင်းရွှေ့နေရာချထားခြင်းကို ဆောင်ရွက်ရမည်။ ယင်းကိစ္စနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များကို ရင်းနှီးမြှုပ်နှံသူက တာဝန်ယူရမည်ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရပါသလား။ စာကြောင်းရေ ၁၊ ၂၊ ၃၊ ၄၊ ၅ လိုအပ်ပါက နောက်ပိုင်းမှာ နိုင်ငံတကာမူဘောင်များကို အခြေခံ၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ပြောင်းရွှေ့နေရာချထားခြင်းကို ဆောင်ရွက်ရမည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး ကုန်ကျစရိတ်များကို ရင်းနှီးမြှုပ်နှံသူက တာဝန်ယူရမည်။ ဒီပြင်ဆင်အဆိုပြုချက်နှင့်ပတ်သက်ပြီးတော့ ဆွေးနွေးရန်ရှိက ဆွေးနွေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဤပြင်ဆင်ချက်ကို ပယ်ဖျက်ထားပါတယ်။ ပယ်ဖျက်ရတဲ့အကြောင်းအရင်းက နိုင်ငံတော်ရဲ့ လတ်တလောဖြစ်ပေါ်နေတဲ့ အခြေအနေများအရ ရင်းနှီးမြှုပ်နှံတဲ့သူဟာ ဤနေရာဒေသတစ်ခုမှာ ဆောင်ရွက်မယ်ဆိုရင် ဤဒေသမှာနေထိုင်တဲ့ လူနေအိမ်ခြေတွေ၊ အဆောက်အအုံတွေ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်တွေ ကိုပြောင်းရွှေ့ရှင်းလင်းပေးမယ်။ ရှင်းလင်းပေးတဲ့အခါမှာ ကုန်ကျစရိတ်များကိုကျခံပေးမယ်ဆိုပြီးတော့ ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ သို့သော်လည်း ဤအချက်များသည် လတ်တလောအခြေအနေအရ ပြဿနာအခက်အခဲတွေဖြစ်ပေါ်လာနိုင်တဲ့ အနေအထားလည်းဖြစ်ပါတယ်။ အများပြည်သူက ပြောင်းရွှေ့ဖယ်ရှားလိုခြင်း မရှိသည့်နေရာများတွင် မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံခွင့်မရှိစေရဟူ၍လည်း အောက်ဆုံးအပိုဒ်မှာ ပြဋ္ဌာန်းထားတာလည်း

တွေ့ပါတယ်။ လတ်တလောအနေအထားအရ ဤပုဒ်မသည် ထည့်သွင်းဆောင်ရွက်ရန် မလိုဟု သုံးသပ်ရရှိတဲ့အတွက် ညှိနှိုင်းအစည်းအဝေး သဘောတူညီချက်များအရ ပယ်ဖျက်ရန်တင်ပြထားခြင်း ဖြစ်ကြောင်း သဘောထားမှတ်ချက်ကို တင်ပြအပ်ပါတယ်။

**ကိုယ်စားလှယ်တစ်ဦး**။ ။ ကျွန်တော်ခုနကအပိုဒ်အရ စဉ်းစားတာက အကြံပေးချင်တာက ကျွန်တော်တို့ လောလောဆယ် လက်ပံတောင်းတောင်ကိစ္စမှာဖြစ်သလို ပွင့်လင်းမြင်သာမှုမရှိဘူး။ ကြိုတင်ပြီးတော့ နေရာထိုင်ခင်းကျကျဆောင်ရွက်မှသာလျှင် သက်ဆိုင်ရာကာယကံရှင်များရဲ့ ရွှေ့ပြောင်းနေထိုင်ရမှု ပညာရေး၊ စီးပွားရေးကအစ အစစအရာရာတာဝန်ယူနိုင်တဲ့အပိုင်းအထိအောင် ဖြည့်ပြီးမှသာလျှင် ရေရှည်ပြဿနာနည်းနိုင်မှာဖြစ်ပါတယ်။ ဒီအပိုဒ်ကို ကျွန်တော်အကြံပြုချင်တာပါ။ အဲဒီတော့ ဒီအပိုဒ်မှာအကြံပြုချင်တာက ခုနက ဝန်ကြီးဌာနကပြောသလို နိုင်ငံတကာ မူဘောင်များကို အခြေခံ၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ပြောင်းရွှေ့နေရာချထားရေးကို ဆောင်ရွက်ရမည်။ ယင်းကိစ္စနှင့် ပတ်သက်သည့် ကုန်ကျစရိတ်များကို ရင်းနှီးမြှုပ်နှံသူက တာဝန်ယူရမည်။ ထိုသို့တာဝန်ယူဆောင်ရွက်ပြီးသည့်ကိစ္စတွင် အားလုံးသော နစ်နာသူလူနေအိမ်ခြေပိုင်ရှင်များက အခြေတကျဖြစ်အောင်တာဝန်ယူဆောင်ရွက်ပြီးမှသာလျှင် ဆက်လက်ဆောင်ရွက်ရမည်ဆိုတဲ့ အပိုဒ် ထည့်ချင်ပါတယ်။ နောက်ကနေဖြည့်ချင်ပါတယ်။ သူတို့နေဖို့ရာအတွက် အားလုံးနေရာတကျ ဖြစ်ပြီးမှသာလျှင် လုပ်ငန်းဆောင်ရွက်စရာရှိတာကို ဆက်လက် ဆောင်ရွက်ဖို့။

**ဥက္ကဋ္ဌ**။ ။ နည်းနည်းရှုပ်ထွေးလာတဲ့သဘောရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီသည် ကျွန်တော်တို့ လွှတ်တော်ကိုယ်စား သက်ဆိုင်ရာကော်မတီများရဲ့စီမံခန့်ခွဲရမယ့်ဥပဒေများ ညှိနှိုင်းတင်ပြလာတဲ့အပေါ်မှာ ဥပဒေနှင့်ညီညွတ်အောင် ဆောင်ရွက်ပေးရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဥပဒေများပြဋ္ဌာန်းတဲ့အခါမှာပဲဖြစ်ဖြစ် ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ကြတဲ့နေရာမှာပဲဖြစ်ဖြစ် ဥပဒေနှင့်အညီရှိ၊ မရှိ၊ လိုက်နာဆောင်ရွက်ခြင်းရှိမရှိကို ဒီသက်ဆိုင်ရာကော်မတီက အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဓိကတာဝန်ကလည်း (၁) ကတော့ ဥပဒေပြုရေး၊ (၂) ကတော့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုလို့ရှိရင် သက်ဆိုင်ရာတာဝန်ရှိတဲ့ကော်မတီတွေက မိမိတာဝန်ရှိတဲ့ကော်မတီအလိုက် စီမံခန့်ခွဲတဲ့ လုပ်ငန်းအလိုက်၊ ဥပဒေအလိုက် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် ဒါ့အပြင် အသစ်ပြဋ္ဌာန်းရန်လိုလို့ရှိရင် ဒီကော်မတီတွေက အဓိကထားပြဋ္ဌာန်းပေးဖို့ဖြစ်ပါတယ်။ အဲ့ဒီလိုပြဋ္ဌာန်းပေးတဲ့ ကိစ္စအတွက် ဥပဒေကြမ်းကော်မတီနဲ့

ညှိနှိုင်းဆောင်ရွက်ပေးရတဲ့ ကိစ္စဖြစ်တဲ့အတွက် ဒီမှာ ကျွန်တော် နှစ်ခုပဲစဉ်းစားပါမယ်။ (၁) ကတော့ သက်ဆိုင်ရာကော်မတီအလိုက်နဲ့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးပြီး ဖြစ်ပေါ်လာတဲ့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုထားတဲ့ ပယ်ဖျက်ရန်ဆိုတဲ့ကိစ္စ ဒါပဲစဉ်းစား ရမှာပါ။ တစ်ခါ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရကို အလေးထားသောအားဖြင့် ပြည်ထောင်စုအစိုးရ ရဲ့ အခု လတ်တလောပြင်ဆင်လိုက်တဲ့ ပြင်ဆင်အဆိုပြုချက်ကိုပဲ စဉ်းစားမယ်။ ဒီနှစ်ခုအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်များက အဆုံးအဖြတ်ပေးဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီ က မူလလွှတ်တော်ကိုယ်စား သက်ဆိုင်ရာကော်မတီများရဲ့ကိုယ်စား ပြင်ဆင်တင်ပြထားတဲ့ ပယ်ဖျက် ရန်ဆိုတဲ့ ပယ်ဖျက်မှုကို သဘောမတူရင် သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ မတ်တတ် ရပ်ပေးပါ။ တစ်ယောက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါ တယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သောကြာနေ့ဆိုတော့ နည်းနည်းတော့ တချို့ထိခိုက်သွားမှာပေါ့။ လုပ်ငန်း တော့လည်းပြီးသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေး ဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ မေးဖို့လိုလားမေးတာပါ။ သဘော မတူသူမရှိတဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၀) ရက်မြောက်နေ့ ကျင်းပမည့် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၉) ရက်မြောက်နေ့ကို ရပ်နားကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ၁၅း၃၀ နာရီတွင်ရပ်နားပါသည်။]**